# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 22 July 2021 ၁၀၄၄၂


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၁ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၂၁

၂၀၂၁ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် သံဃာတော် ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✩

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ ဝါဆိုသင်္ကန်းဆက်ကပ်စဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

အုပ်ချုပ်ရေး ပီပြင်မှ မြို့ရွာစည်ပင်မည် စာမျက်နှာ » ၆

ကာကွယ်ဆေးတွေ မကြာမီရရှိလာရင် ထိုးနှံဖို့အခွင့်အရေးရရှိမယ်ဆိုရင် အမြန်ဆုံးထိုးနှံဖို့ လိုအပ်ပါတယ် စာမျက်နှာ » ၁၀

အစိကတော့ တွေ့ဆုံခဲ့တဲ့သူက Positive ဖြစ်သွားပြီး ကိုယ်လည်းသံသယရှိတယ်ဆိုရင် မိမိနေအိမ်မှာ ၁၀ ရက်လောက်ခွဲနေပြီး ကျန်းမာရေးကို ဂရုစိုက်ပြီးတော့ သီးခြားနေထိုင်သင့်ပါတယ် စာမျက်နှာ » ၁၆




# ကိုဗစ် – ၁၉ ရောဂါ ကုသရာတွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံမှ အိမ်သုံးအောက်ဆီဂျင်စက်နှင့် လူနာတင်ယာဉ်များ ထောက်ပံ့ပေးမည်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ၌ လက်ရှိ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုအတွက် ကုလသမဂ္ဂ စီမံကိန်း ဝန်ဆောင်မှုများရုံး( UNOPS )မှ အကောင်အထည်ဖော်လျက်ရှိသော လက်ရှိစီမံကိန်းမှတစ်ဆင့် အိမ်သုံးအောက်ဆီဂျင်စက် အလုံးရေ ၇၀၀ ထပ်မံထောက်ပံ့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကိုဗစ် – ၁၉ လူနာများကို ကုသပေးလျက်ရှိသည့် ကုသရေးဌာနများသို့ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အိမ်သုံးအောက်ဆီဂျင်စက်များ ထောက်ပံ့ပေးခြင်းဖြစ်သည်။

ထို့ပြင် ကိုဗစ် – ၁၉ လူနာများကို ကုသမှုပေးနေသည့်မြန်မာနိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများသို့ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရသောလူနာများအား အရေးပေါ် သယ်ယူပို့ဆောင်ရန် အတွက် လူနာတင်ယာဉ် ၁၄ စီး မကြာမီ လွှဲပြောင်းပေးအပ်မည် ဖြစ်ကြောင်း သိရသည် ။

**မျိုးမင်းသူရ**

# ကလေးမြို့၌ နှာခေါင်းစည်းများ တပ်ဆင်သွားလာရေးလှုပ်ရှားမှု ဆောင်ရွက်



**ကလေး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန် ရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကလေးမြို့၌ ဌာနဆိုင်ရာများပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကူးစက်ရောဂါ ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်သွားလာရေး လှုပ်ရှားမှုဆောင်ရွက်ခြင်းများကို ယနေ့ နံနက်ပိုင်းက အင်းဝဘဏ်ရှေ့၌ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးအသိပညာပေး နှိုးဆော်ခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဗိုလ်ချုပ်လမ်းတွင် ဖြတ်သန်းသွားလာနေကြသူများအား နှာခေါင်းစည်းများ တပ်ဆင်သွားလာရေး အသိပညာပေးသည့် လှုပ်ရှားမှုကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ နှာခေါင်းစည်း ၅၀၀၀ ကျော် ဝေငှပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျန်းမာရေးအသိပညာပေး ဟောပြောနှိုးဆော်ခြင်းများကို မြို့ပေါ်ရပ်ကွက်များတွင် လှည့်လည်နှိုးဆော်ပေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်(ပြန်/ဆက်)**

# ဝဿာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇူလိုင် ၂၁**

ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၈)ကို ဇူလိုင် ၂၃ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များ ဖြစ်ကြသည့် တင်ဦးလေး၊ ဝိုင်းလမင်းအောင်၊ ထက်မြက်စိုး၊ ထက်ကို၊ ဟိန်းဇော်လင်း၊ ရွှေရည်ဝင်း၊ ဘိုမနှင့် လွင်လွင်မော်တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။




ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကောလာဟလမမှန်သတင်းစကား သတိထား

ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းအမိန့်ကို ဇူလိုင်လ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့ကြောင်း သိရှိခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်–၁၉ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ကုသနိုင်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုထားသည့် ပြစ်မှုများအတွက် တရားစွဲဆိုခံရသူများအား ကိုဗစ်–၁၉ ဆိုင်ရာ စည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိသဖြင့် ချုပ်ရက်များ ရှည်ကြာနေသဖြင့်လည်းကောင်း အချို့သောပြစ်မှုဖြင့် စွဲဆိုခံရသည့် နိုင်ငံသားများအား သက်ညှာစွာစဉ်းစားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အမှုများ ပိတ်သိမ်းခြင်းအမိန့် ထုတ်ပြန်ခဲ့သည်။

ဤအမိန့်သည် အကျဉ်းထောင်၊ အချုပ်များတွင် တရားစွဲဆိုခြင်းခံထားရသူများအားလုံးကို အမှုပိတ်သိမ်းခြင်းမဟုတ်ပေ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ယင်းနေ့မတိုင်မီက ဤအမိန့်ကြေညာချက်တွင် ဖော်ပြထားသော ပြစ်မှုတစ်ခုခုဖြင့် သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရသည့် ပြစ်မှုဆိုင်ရာ အမှုများအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် မြန်မာနိုင်ငံ၌ ရာဇဝတ်ပြစ်မှုကျူးလွန်သူများ ယခင်ထက် ပိုမိုတိုးပွားများပြားလာရာ လူစုလူဝေးရှိသည့် အကျဉ်းထောင်၊ အချုပ်ခန်းများတွင် ကူးစက်မြန် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်၊ ကုသရေးကို ထည့်သွင်းစဉ်းစားလာရသည်။

ထို့အပြင် သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုထားသည့် ပြစ်မှုများအတွက် တရားစွဲဆိုခံထားရသူများမှာ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိပေ။ ထို့ကြောင့် အမှုရင်ဆိုင်နေရသူများမှာ ချုပ်ရက်များရှည်ကြာနေပြီး နစ်နာမှုများဖြစ်ပေါ်နေသည်။ ယင်းအခြေအနေများကြောင့် တရားစွဲဆိုခံထားရသော နိုင်ငံသားများအား သက်ညှာစွာစဉ်းစားပြီး အမှုများကို ပိတ်သိမ်းပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းအပေါ် မမှန်သတင်းစကားများဖြင့် အမျိုးမျိုးအဖုံဖုံ ပြစ်တင်ဝေဖန်ပြောဆိုမှုများရှိလာမည်မှာ သေချာပါသည်။ ယခုအခါတွင် ဤအမှုကိစ္စသာမက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြုလုပ်သည့် ကောင်းသောအမှုကိစ္စမှန်သမျှတို့၌လည်း မမှန်သောသတင်းစကား၊ မှားယွင်းသော ကောလာဟလစကားတို့ဖြင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် ဖျက်လိုဖျက်ဆီး ပြုလုပ်နေကြသည်ကို တွေ့ရသည်။

ယခုအချိန်အခါတွင် မြန်မာနိုင်ငံ၌ ကပ်ရောဂါဘေးကျရောက်လျက်ရှိရာ ပြည်သူများ ရောဂါဘေးကင်းဝေးရေးကို ဝိုင်းဝန်းကူညီရမည့်အစား မမှန်သတင်းစကား၊ ကောလာဟလများဖြင့် ဖျက်လိုဖျက်ဆီး ဝိုင်းဝန်းပြုလုပ်နေကြသည်ကို တွေ့ရသည်။ ယခုအချိန်အခါ၌ နိုင်ငံတိုင်းနိုင်ငံတိုင်း ကပ်ရောဂါဖြစ်ပွားမှု တိုးပွားနေသည်ကို သိရှိကြပြီးဖြစ်ရာ မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားအောင် တမင်တကာပြုလုပ်နေခြင်းဖြစ်ကြောင်း၊ အကျဉ်းသားများကို ပြန်လွှတ်ပေး၍ အဖျက်လုပ်ရပ်များ ပြုလုပ်ရန် ကြံဆောင်နေကြောင်း၊ ကျန်းမာရေးစနစ်ယိုင်လဲ၍ ကိုဗစ်–၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု မပြုလုပ်ပေးနိုင်တော့ကြောင်း စသည်ဖြင့် မမှန်သတင်းစကားများ၊ အများပြည်သူ စိုးရိမ်ထိတ်လန့်ဖွယ် ကောလာဟလသတင်းစကားများကို လူမှုကွန်ရက်စာမျက်နှာများပေါ်မှ သတင်းထုတ်လွှင့်မှုများ၊ သတင်းစကားများ အမျိုးမျိုးပြုလုပ်နေကြသည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံကို ဖျက်လိုဖျက်ဆီး ပြုလုပ်နေကြသော ပြည်ပအခြေစိုက် မြန်မာနိုင်ငံသားများ ဆောင်ရွက်နေသည့် သတင်းမီဒီယာများသည် မိမိတို့လိုက်နာဆောင်ရွက်ရမည့် သတင်းမီဒီယာကျင့်ဝတ်များကို မျက်ကွယ်ပြု၍ မမှန်သတင်းစကားများ တွင်တွင်ဖြန့်ဝေနေကြသည်ကို တွေ့မြင်နေရသည်။ သတင်းအရင်းအမြစ်ကို သေချာစွာစိစစ်ခြင်းမရှိဘဲ မှန်လျှင်တစ်ဆိတ်ကို တစ်အိတ်လုပ်၊ မမှန်လျှင် စိုးရိမ်ထိတ်လန့်အောင် ချဲ့ကားသတင်းထုတ်၊ မရေရာသော အချက်အလက်များကို စိတ်ကူးယဉ်ပုံဖော်ဇာတ်လမ်းထုတ်လုပ်ကာ တိုင်းပြည်အလုံးစုံ ပျက်စီးသွားရေးအထိ တစိုက်မတ်မတ်လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူလူထုအတွင်း၌လည်း ပါတီတစ်ခုကိုအကြောင်းပြု၍ မမှန်သတင်းများ၊ ကောလာဟလသတင်းများကို အမုန်းအာဃာတတရားကြီးမားစွာဖြင့် ဖြန့်ဝေနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ကမ္ဘာ့ကပ်ရောဂါနှင့် ကြုံတွေ့နေရချိန်တွင် လုပ်ကြံသတင်းများ၊ သတင်းမှားများ၊ ပုံဖျက်သတင်းများ၏ ခြိမ်းခြောက်မှုများသည် လွန်စွာကြီးမားခဲ့သည်။ ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် မိုဘိုင်းအသုံးပြုမှု များလာသည်နှင့်အမျှ နောက်ဆက်တွဲဂယက်များဖြစ်သည်ဟု သုံးသပ်နိုင်သည်။ သို့ဖြစ်ရာ ယခုကဲ့သို့သောအခြေအနေတွင် ပြည်သူများအနေဖြင့် ကောလာဟလနှင့် မှန်ကန်မှုမရှိသော သတင်းများကို သတိဖြင့် ချင့်ချိန်ဖတ်ရှုသင့်ပေသည်။ သတင်းတု၊ ကောလာဟလနှင့် သတင်းအစစ်၊ မှန်ကန်သောသတင်းများကို ခွဲခြားသိမြင်နိုင်သော ဆင်ခြင်နိုင်သည့် နည်းလမ်းဖြင့် မိမိနှင့်မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကောင်းကျိုးအတွက် ရှေးရှုသင့်ပါကြောင်း။ ။

ကြေးမုံ

**စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင်
**စာတည်းမှူး** – ဦးဝင်းနိုင်
**စာတည်းများ** – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** – ဒေါ်ဇင်မာဝင့်
**စာပြင်** – ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၆၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မဟာသီဟနာဒ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။

☆ **ရှေ့ဖုံးမှ**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အစီအစဉ်အရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ပေါက်မြိုင်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က မဟာသီဟနာဒ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပြီး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပေါက်မြိုင်ဆရာတော်ကြီးက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိဘပြည်သူများထံသို့ တိုက်တွန်းနှိုးဆော်ချက်

■ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုလတ်တလော Coronavirus Disease 2019 ( COVID – 19 ) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။

■ မြန်မာသက္ကရာဇ် ၁၃၈၃ ခု ၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID – 19) ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရတနသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူပေးခဲ့ပါသည်။

■ ထို့အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ( ပထမအဖွဲ့ခွဲ ) ကလည်း လတ်တလော ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID) – 19) ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အသီးသီးတွင် Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရတနသုတ်၊ မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့များက မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ရန် အဆင့်ဆင့်အကြောင်းကြားလျှောက်ထားပြီး ဖြစ်ပါသည်။

■ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိဘပြည်သူများအနေဖြင့် လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID – 19) ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရတနသုတ်ပရိတ်တရားတော်ကို မိမိနေအိမ်တွင် နေ့စဉ် ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (သတင်း–ရှေ့ဖုံး)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (သတင်း–ရှေ့ဖုံး)

# ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအား အီလက်ထရွန်နစ် မှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း စနစ်တကျဆောင်ရွက်နိုင်ရန် အီလက်ထရွန်နစ်မှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၆ ရက်နှင့် ဇူလိုင် ၂၀ ရက်တို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဦးစားပေးအုပ်စုများ သတ်မှတ်ထားပြီးဖြစ်**

အစည်းအဝေးပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းကို ထိန်းချုပ်နိုင်ရန်နှင့် ကူးစက်မှုပြတ်တောက်စေရန် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးသည့် လူဦးရေ ၁ ဒသမ ၇၅ သန်းကို အီလက်ထရွန်နစ်စနစ်သုံး Vaccine Management Information System သို့ ထည့်သွင်းထားရှိရမည်ဖြစ်ပြီး ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူများ နောက်တစ်ကြိမ်ထပ်မံမထိုးနှံရေး ဂရုစိုက်သွားရမည်ဖြစ်ကြောင်း၊ ရရှိလာမည့်ကာကွယ်ဆေးများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ခြင်း၊ ကူးစက်မှုဖြတ်တောက်ခြင်းနှင့် ရောဂါကြောင့် သေဆုံးမှုလျော့ချခြင်းတို့အတွက်



အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ထိုးနှံပေးရန်အတွက် ဦးစားပေးအုပ်စုများ သတ်မှတ်ထားပြီး ဖြစ်ကြောင်း။

**ဆောင်ရွက်ရန် လိုအပ်**

အဆိုပါ ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် အီလက်ထရွန်နစ်နည်းပညာကို အသုံးပြု၍ အချက်အလက် ကောက်ယူခြင်း၊ ကာကွယ်ဆေးထိုး မှတ်တမ်းကတ်ပြားထုတ်ပေးခြင်း၊ ဆေးထိုးစုရပ်တွင် mobile tablet များ အသုံးပြု၍ မှတ်တမ်းကတ်ပြားကို Scan ပြုလုပ်ခြင်း၊ ကာကွယ်ဆေး ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထိုးနှံခြင်းများကို နည်းပညာအသုံးပြု၍ စနစ်တကျစာရင်းသွင်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ တပ်မတော်မှ နည်းပညာဆိုင်ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် ကျေးဇူးတင်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးရမည့် ဦးစားပေးအုပ်စုအလိုက် စနစ်တကျ စာရင်းကောက်ခံနိုင်ရန်နှင့် ကောက်ခံထားသည့်စာရင်းအပေါ် မူတည်၍ မြို့နယ်အသီးသီးရှိ ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း စနစ်တကျဆောင်ရွက်နိုင်ရန် အီလက်ထရွန်နစ်မှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံရမည့်သူများ ဆေးထိုးရမည့် ရက်ချိန်းမတိုင်မီ ကြိုတင်၍ QR code ပါဝင်သော ဆေးထိုးမှတ်တမ်းကတ်ပြားများ ဆေးထိုးစုရပ်အလိုက် ကြိုတင်ဝေငှပေးသွားနိုင်ရေးနှင့် အသုံးပြုသူလွယ်ကူစေရေး၊ အချိန်ကုန်သက်သာစေရေးတို့ကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အီလက်ထရွန်နစ် နည်းပညာသုံး ကာကွယ်ဆေးထိုး မှတ်တမ်းကတ်ပြားအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြပြီး နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများကို ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မန်နေဂျာတို့က ဆွေးနွေးတင်ပြကြသည်။ တပ်မတော်မှနည်းပညာဆိုင်ရာ တာဝန်ရှိသူများက ကူညီပံ့ပိုးပေးနိုင်မည့်လုပ်ငန်းများ၊ ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်မှန်ရိုးသားသည့် ဒီမိုကရေစီ ဖြစ်စေချင်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/မြို့နယ်များအလိုက် မဲစာရင်းစိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများ သိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့် ဒီမိုကရေစီဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသားပြုလုပ်ခဲ့သည့်အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# (၁၁) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

(၁၁) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။







အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Prak Sokhonn နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အခြားမဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်သည်။

အစည်းအဝေးမစတင်မီ ဝန်ကြီးများသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုဝက်ဘ်ဆိုက်ကို စတင်ဖွင့်လှစ်ခဲ့ပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုနမူနာကို ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးများသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု ဦးစားပေးကဏ္ဍများ၏ တိုးတက်မှုအခြေအနေကို သုံးသပ်ဆွေးနွေး၍ အနာဂတ်လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့အပြင် အိန္ဒိယနိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဆွေးနွေးရာ၌ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်မှုအတွက် ဆေးပစ္စည်းအကူအညီများ ပေးအပ်မှု၊ ဘာသာရပ်နယ်ပယ်အသီးသီး၌ ပညာသင်ဆုများထောက်ပံ့ပေးနေမှု၊ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပုဂံဘုရားများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေး၊ ဗုဒ္ဓဂယာ၌ မင်းတုန်းမင်းနှင့် ဘကြီးတော်မင်းတို့ တည်ထားခဲ့သည့် သမိုင်းဝင်ဘုရားပုထိုးနှစ်ဆူ ပြန်လည်မွမ်းမံရေးအပါအဝင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးနေမှု၊ မြန်မာနိုင်ငံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်း (QIPs)ငါးခုပေးအပ်မှုနှင့် Lines of Credit ပေးအပ်ကူညီပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများအကြား ကျန်းမာရေးလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို နီးကပ်စွာနှင့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း အလေးထားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ (၂၁)နှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများရရှိနေမှုအပေါ် အသိအမှတ်ပြုပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်၌ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အစည်းအဝေး၌ (၁၁) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုချမှတ်ခဲ့ပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၂) ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအစီရင်ခံစာနှင့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေသည့် စီမံကိန်း (QIPs)စာရင်းများအပေါ် မှတ်တမ်းတင်ခဲ့သည်။

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပြည်သူများအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်နွယ်မှုများ တိုးမြှင့်လာစေရေးတို့အတွက် စုပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ၂၀၀၀ ပြည့်နှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းလျားကန်ပေါင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၈ နာရီက အင်းလျားကန်ပေါင် ပြည်လမ်း ဘယ်ဘက်ခြမ်းတွင် ကွန်ကရစ်ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်မှု၊ ကန်ပေါင်ပေါ်နှင့် ကန်ပေါင်အောက်ခြေ လူသွားလမ်း သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် မြို့တော်ဝန်က ကွန်ကရစ်ရေနုတ်မြောင်းအတွင်း ရှိ သဲ၊ နုန်းများဆယ်ယူ၍ သစ်ပင်ပန်းမန်များခြေရင်း ပြန်လည်အစာကျွေးထားရှိရေးနှင့် မြောင်းအတွင်း ကပ်ငြိပေါက်ရောက်နေသည့် အပင်များရှင်းလင်းပြီး အားကစားပစ္စည်းများ ကြံ့ခိုင်မှုရှိနေစေရန် အစဉ်တစိုက်ဆောင်ရွက်သွားရေး၊ ဝန်ထမ်းများ ကျန်းမာရေးကို အထူးဂရုစိုက်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၄၂ ခုမှ Oxygen Concentrator ၁၇၁၇ ခု၊ Oximeter ၂၀၄၃၈ ခု၊ Oxygen Regulator ၆၀၊ NOVA-C Tablets ၄၀၆၀၊ IMMURICH Tablets ၃၀၈၀ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကော့သောင်း၊ မြဝတီ၊ တာချီလိတ်) ၌ ကုမ္ပဏီ ၃၂ ခုမှ Surgical Mask ၃၀၀၂၇ kg၊ Oxygen Liquid ၁၅၅၈၃ ဒသမ ၂ $m^3$နှင့် ၃၈ ဒသမ ၃၂ တန်၊ Oxygen Cylinder ၃၈၇၈ ခုတို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အုပ်ချုပ်ရေး ပီပြင်မှ မြို့ရွာစည်ပင်မည်

**စာချစ်သူ**

"မင်း ပေါက်တူးပေါက်တာ ခြေထောက်ကို ခုတ်မိလိမ့်မယ်" ရပ်ကွက်ရှိ ကလေးကစားကွင်းတစ်ခုကို ရပ်ကွက်သားများ လုပ်အားပေးချုံရှင်း၊ မြက်ခုတ်ဆောင်ရွက်ကြစဉ် ကလေးအရွယ် ကျွန်တော့်အား လူကြီးတစ်ဦးက ဤသို့သတိပေးလေသည်။

ထို့နောက် "ပေါက်တူးပေါက်ရင် ခြေထောက်ကို ဒီလိုချဲထားရတယ်ကွ"ဟု နမူနာ လက်တွေ့ပေါက်ပြလေသည်။ ထိုလူကြီးမှာ ကျွန်တော်တို့မြို့နယ်မှ ပါတီကောင်စီလူကြီး ဖြစ်လေသည်။

ကျွန်တော်တို့ အရွယ်ရောက်လာသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ရပ်ကျိုးရွာကျိုးအတွက် မိသားစုစိတ်ဓာတ်အပြည့်ဖြင့် လူတိုင်း ဤသို့တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လေ့ရှိကြသည်။

နွေမိုးဆောင်း ရေဝပ်လေ့ရှိသည့် အများပိုင်လမ်းကြားလေးတစ်ခုကို အုတ်ခဲတွေစီတော့လည်း အိမ်တိုင်းက ကလေးလူကြီးမရွေး နှစ်လုံးတွဲ၊ သုံးလုံးတွဲ အုတ်ခဲလေးတွေကို ကိုယ်စီကိုယ်စီ သယ်ချ၍ လုပ်ဆောင်ကြပြန်သည်။

ဟော ရပ်မိရပ်ဖတွေ ဦးဆောင်မှုဖြင့် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေတွေရလာပြန်တော့သည် လမ်းလေးကို ခိုင်ခိုင်မာမာ ချောမွေ့ပြေပြစ်လာအောင် အားလုံးကဝိုင်း၍ လုပ်အားပေးခဲ့ကြပြန်သည်။ ကလေးအရွယ်ဖြစ်လင့်ကစား မောသည် ပန်းသည်ဟု မထင်ခဲ့။ ရပ်ကွက်မိသားစုဝင်အချင်းချင်း စပယ် နောက်ပယ်ဖြင့် ပျော်ရွှင်စရာပင်ကောင်းလှသည်။ လုပ်အားပေးပွဲတွင် စားခဲ့ရသည့် ကောက်ညှင်းပေါင်းနှင့် ထိုပျော်ရွှင်ကြည်နူးစရာ မြင်ကွင်းကို ပစ္စက္ခတိုင် မမေ့နိုင်ခဲ့ချေ။

**လူတွေမှုတွေ ပြောင်းသွား**

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာတော့ လူတွေမှုတွေ ပြောင်းသွားသည်။ ရပ်ကွက်ကောင်စီများအစား ရဝတတွေ(ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) ဝင်ရောက်လာသည်။ ကျွန်တော်တို့ ရပ်ကွက်အဖို့မူ အပြောင်းအလဲက နာမည်အခေါ်အဝေါ်မျှသာ ဖြစ်သည်။ ရဝတဥက္ကဋ္ဌက ရပ်ကွက်ထဲက စီးပွားရေးလုပ်ငန်းရှင် လူရိုသေ ရှင်ရိုသေ ရပ်မိရပ်ဖတစ်ဦးပေမို့။

တစ်နေ့ ထိုရဝတဥက္ကဋ္ဌ၏တန်ဖိုးကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့လိုက်ရသည်။ လူငယ်ဘဝ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်နှင့် အခြားလမ်းက လူငယ်တစ်အုပ်တို့ အုပ်စုလိုက် ခိုက်ရန်ဖြစ်ပွားခဲ့သည်။ နှစ်ဖက်မိဘဆွေမျိုးများက ရဲစခန်းတွင် အမှုဖွင့်ရန် စီစဉ်ကြတော့သည်။ သို့တစေ ထိုရဝတလူကြီး၏ မျက်နှာချင်းဆိုင် စေ့စပ်ဖြေရှင်းပေးမှုကြောင့် လွန်တာရှိလျှင် ဝန္ဒာမိပါနှင့် ကိစ္စပြတ်သွား၍ ရုံးမှုဂတ်သို့ ဘယ်သူမျှ မရောက်ခဲ့ကြချေ။

အခေါ်အဝေါ် ဘယ်သို့ပြောင်းပြောင်း ရပ်မိရပ်ဖလူကြီးများသည် ရပ်ကွက်၊ ကျေးရွာအတွင်း အခါအားလျော်စွာ ပေါ်ပေါက်လာသည့် အမှုအခင်းကိစ္စများကို ကြီးသည့်အမှု ငယ်အောင်၊ ငယ်သည့်အမှုပပျောက်အောင် စွမ်းဆောင်ပေးလေ့ရှိကြသလို ရပ်ရွာ၏ သာရေး၊ နာရေးကအစ ရပ်ရွာအကျိုး သယ်ပိုးဆောင်ရွက်ပေးကြသူများသာ ဖြစ်ပါသည်။

ရှေးမြန်မာဘုရင်များလက်ထက် အုပ်ချုပ်မှုယန္တရားကြီးကို လေ့လာကြည့်ပါက မင်းကြီးတွေ၊ ဝန်တွေ၊ မှူးကြီးမတ်ရာတွေက ဆင့်ကဲဆင့်ကဲ အုပ်ချုပ်ပြီး Local Administration အရ မြို့သူကြီးအောက်တွင် တိုက်နယ်သူကြီး၊ ရိုးရိုးကျေးရွာသူကြီး၊ ကျေးရွာသူကြီးအောက်မှာမှ ဆယ်အိမ်ခေါင်း၊ ရွာဆော်၊ ရွာစာရေး၊ ရွာခေါင်း စသည်ဖြင့် လေ့လာတွေ့မြင်နိုင်မည်ဖြစ်သည်။ Tax System အရလည်း သဿမေဓ အခွန်ကို ၁၀ ဖို့ ၁ ဖို့ သူတို့ကို စားခွင့်ပေးခဲ့လေသည်။

၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး အထက်ဗမာပြည်တစ်ခုလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်အပြီးတွင် Political Institution က သိသိသာသာ ပြောင်းလဲသွားသည်။ ကိုလိုနီစနစ်အရ နိုင်ငံအများကြီးကို တစ်ပြိုင်နက်တည်း အုပ်ချုပ်ရသည်ဖြစ်သည့်အတွက် အုပ်ချုပ်ရေးစနစ်ကို အင်္ဂလိပ်က အပေါ်က ချုပ်ကိုင်ကာ အောက်တွင် ဒေသခံများက ပြန်အုပ်ချုပ်စေသည်။ အသေးစိတ်ကအစ ညွှန်ကြားနိုင်သည့် ကိုလိုနီဗျူရိုကရေစီယန္တရားကို ထူထောင်ခဲ့သည်။

**မြို့အုပ်၊ မြို့ပိုင်အဖြစ် ခန့်ထား**

စစချင်း မြို့အုပ်ဆိုသည့် ရာထူးကလေးကို ဖန်တီးလိုက်သည်။ မြို့အုပ်ရာထူးကို ယခင်က သူတို့အား သစ္စာခံသည့် မင်းညီမင်းသားဟောင်းများ သို့မဟုတ် ငွေခွန်မှူး၊ မြို့သူကြီးဟောင်းများကို ပြန်လည်ပေးအပ်သည်။ နောက်ပိုင်းတွင် Colonial Social Institution အရ ပညာရေးက B.A အောင်သည့်သူများကို မြို့အုပ်၊ မြို့ပိုင်အဖြစ် ခန့်ထားခဲ့ပြန်သည်။

ထို မြို့အုပ်၊ မြို့ပိုင်များကို အပေါ်က Deputy Commissioner (DC) ခေါ် အရေးပိုင်က ကွပ်ကဲသည်။ အင်္ဂလိပ်တို့က မြန်မာပြည်ကို ထိုစဉ်က ခရိုင်ဒီစတြိတ် ၃၆ ခုခွဲ၍ အရေးပိုင်များကို ခန့်ထားအုပ်ချုပ်စေသည်။ အရေးပိုင် (DC)များကိုမူ အင်္ဂလန်က India Civil Services (ICS) စာမေးပွဲကျင်းပ၍ ရွေးချယ်ခန့်အပ်စေသည်။ ICS စာမေးပွဲကို IA တန်းအောင်လျှင် ဝင်ရောက်ဖြေဆိုခွင့်ပြုသည်။ သို့အတွက် အရေးပိုင် (DC) ရာထူးများ စခါစတွင် အင်္ဂလိပ်မျက်နှာဖြူများသာ ဖြစ်နေခဲ့ကြပြီး နောက်ပိုင်းတွင် ဗမာလူမျိုးများ အနည်းအကျဉ်းဖြစ်ခဲ့ကြသည်။

အင်္ဂလိပ်တို့သည် ၎င်းတို့၏ ဗျူရိုကရေစီယန္တရားကို ထိုသို့စနစ်တကျ တည်ဆောက်ရာတွင် ရည်ရွယ်ချက်နှစ်ရပ် ရှိလေသည်။ တစ်ခုက စီးပွားရေးအရ တွက်ခြေကိုက်စေရန်နှင့် နောက်တစ်ခုက ၎င်းတို့၏ ကိုလိုနီသက်တမ်း ကြာရှည်ခံနိုင်အောင် ဖြစ်လေသည်။

မြန်မာပြည်အတွင်းရှိ ခရိုင် ဒီစတြိတ် ၃၆ ခုတွင် တစ်ခုအပါအဝင်ဖြစ်သော မြစ်ဝကျွန်းပေါ်ရှိ မြောင်းမြခရိုင်သည် မူလက ရွှံ့နွံတောကြီးဖြစ်ခဲ့လေသည်။ အင်္ဂလိပ်တို့က စီးပွားရေးအမြင်ဖြင့် ထိုရွှံ့နွံတောကြီးကို စပါးစိုက်ပျိုးနိုင်ရန် အိန္ဒိယမှ လယ်ကူလီလုပ်သားများ ခေါ်ယူတင်သွင်း၍ လယ်ယာမြေများအဖြစ် ပြုပြင်ပြောင်းလဲပြီး စပါးစိုက်ပျိုးခဲ့ရာ ပြည်ပသို့ပင် တင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်ဖြစ်ထွန်းခဲ့လေသည်။

ရပ်ရွာများ စည်ပင်လာရေးအတွက်လည်း သူကြီးများကိုခန့်အပ်၍ သူကြီးလက်စွဲ ဥပဒေများ ပြဋ္ဌာန်းအုပ်ချုပ်စေခဲ့သည်။ အင်္ဂလိပ်တို့ ဘုန်းမီးနေလတောက်ပစဉ်ကာလတွင် မြန်မာသူကြီးတစ်ဦးသည် စည်းကမ်းမဲ့အမှိုက်ပစ်သူ မြို့ပိုင်ကို သူကြီးလက်စွဲဥပဒေအရ ဒဏ်ငွေရိုက်ခဲ့ဖူးလေသည်။

အင်္ဂလိပ်အပြေး ဂျပန်အဝင်တွင်လည်း ဂျပန်တို့က အုပ်ချုပ်ရေးယန္တရားကို အင်္ဂလိပ်မင်းအစိုးရခေတ်ကာလကဲ့သို့ပင် ဆက်လက်ထားရှိ အုပ်ချုပ်စေခဲ့သည်။ ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် နယ်ပိုင်၊ မြို့ပိုင်၊ လက်ထောက်မြို့ပိုင်ရာထူးများအတွက် လူတွေ့မေးမြန်းကာ ရွေးချယ်ခန့်ထားခဲ့လေသည်။ မြို့ပိုင် မောင်ပြုံးချိုခေါ် စာရေးဆရာကြီး မန်းတင်သည် ၁၉၄၂ ခုနှစ်တွင် လက်ထောက်မြို့ပိုင်အဖြစ် ရွေးချယ်ခန့်ထားခြင်း ခံခဲ့ရလေသည်။

> **နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် မသမာသူများ၏ ဆိုက်ဝါးအစွဲအလမ်းများကို ကိုယ့်မြို့ ကိုယ့်ရွာ သာယာဝပြောရေးအတွက် ကျွန်ုပ်တို့ ချေချွတ်စွန့်လွှတ်ကြရပါတော့မည်။ ရှေးအတီအတေခေတ်ကာလများကဲ့သို့ပင် ကိုယ့်ရပ်ကိုယ့်ရွာ သာယာဝပြောစည်ပင်ရေးအတွက် ရပ်မိရပ်ဖများနှင့်အတူ ပူးပေါင်းလက်တွဲ၍ ကြုံလာသမျှ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်ကြရပါမည်။ မည်သည့်ခေတ်မဆို အုပ်ချုပ်ရေး ပီပြင်မှ မြို့ရွာတွေ စည်ပင်ကြပါလိမ့်မည်။**

မြန်မာပြည် လွတ်လပ်ရေးရပြီးစတွင်မူ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် မြို့အုပ်၊ သူကြီးအချို့ ရန်ပြုသတ်ဖြတ်ခံခဲ့ရ၍ အချို့မြို့ရွာများတွင် အုပ်ချုပ်မှုပျက်ပြားခဲ့ရသည်။ ထိုသောအခါ ရပ်ရွာများတွင် ဓားပြ၊ သူခိုးများ ထကြွခဲ့၍ ဥစ္စာရှိသူများမှာ ညစဉ်ပုန်းအောင်း ပြောင်းရွှေ့အိပ်ကြရသည်။ အချို့တတ်နိုင်သူများက မြို့တက်အခြေချ ပြောင်းရွှေ့ကြလေသည်။

**အုပ်ချုပ်ရေးယန္တရားကို ပြန်လည်တည့်မတ်**

၁၉၅၀ ပြည့်နှစ်အလွန်တွင် တပ်မတော်၏ တန်ပြန်ထိုးစစ်များကြောင့် မြို့ရွာအများစု သောင်းကျန်းသူများ၏ဘေးရန်မှ ကင်းဝေးလာခဲ့၍ ဖဆပလအစိုးရသည် အုပ်ချုပ်ရေးယန္တရားကို ပြန်လည်တည့်မတ်ဆောင်ရွက်နိုင်ခဲ့သည်။ အုပ်ချုပ်ရေးယန္တရား ပီပြင်လာသည်နှင့်အမျှ စီးပွားရေးကို ဇောက်ချဆောင်ရွက်နိုင်သည့်အတွက် မြို့ရွာများ စည်ပင်လာသည်။ လူမှုအဆင့်အတန်းလည်း မြင့်တက်လာကာ တိုင်းကားပြည်ရွာသည်လည်း သာယာဝပြောလာသည်။

ထိုခေတ် ဖဆပလအစိုးရလက်ထက်တွင် မြို့အုပ်မြို့ပိုင်များသည် တရားစီရင်ရေးအပိုင်းတွင်လည်း ထောင်ခြောက်လအထိ ချမှတ်နိုင်သည့် လုပ်ပိုင်ခွင့်ရှိခဲ့သည်။ မြို့အုပ်မြို့ပိုင်များမှာ ဥပဒေဘွဲ့ရ ပညာတတ်အများစုဖြစ်၍ တရားစီရင်ရေးအပိုင်းတွင်ပါ တာဝန်ထမ်းဆောင်နိုင်လေသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရခေတ်တွင် ခေတ်စနစ်အရ ကိုလိုနီနယ်ချဲ့၏ အငွေ့သရိုက်များပါသော မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်ဝန်ထောက်ရာထူးအခေါ်အဝေါ်များကို ပြောင်းလဲစေခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်မူ အုပ်ချုပ်ရေးယန္တရားကို ပြည်သူ့ကောင်စီအဆင့်ဆင့်ဖြင့် ရွေးချယ်ခန့်အပ်တာဝန်ပေးဆောင်ရွက်စေခဲ့သည်။

ထို့အတူ နဝတ၊ နယက အစိုးရခေတ်မှ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ဆက်အထိတိုင်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ရပ်ရွာသားများကသာ ရွေးချယ်တင်မြှောက်ခဲ့ကြလေသည်။

ပြီးခဲ့သည့် NLD အစိုးရ ငါးနှစ်သက်တမ်းတွင်မူ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို အာဏာရပါတီမှ ပါတီဝင်များ ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်စေခဲ့၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး အများစုမှာ အာဏာရပါတီဝင်များသာ ဖြစ်ခဲ့လေသည်။

မည်သို့ဆိုစေ ခေတ်တိုင်း၊ ခေတ်တိုင်း၊ အဖွဲ့အစည်းတိုင်းလိုလိုတွင် ကောင်းသူရှိသလို ဆိုးသူများလည်း ရှိကြပါသည်။ ရပ်ကျိုးရွာကျိုးကို စေတနာအပြည့်ဖြင့် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်သူများရှိသလို အာဏာပါဝါပြ၍ လုပ်ပိုင်ခွင့်ကို တလွဲအသုံးချသူများလည်း ရှိတတ်ကြပါသည်။

သို့တစေ ရွပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရပ်ကျိုးရွာကျိုးများကို တာဝန်သိသိ၊ သစ္စာရှိရှိ စေတနာအပြည့်အဝဖြင့် ထမ်းရွက်သော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် လူ့အဖွဲ့အစည်းတွင် မရှိမဖြစ် လိုအပ်ပေသည်။

ပစ္စက္ခ မြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင် မသမာသူ အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်/ကျေး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ချောင်းမြောင်း လုပ်ကြံသတ်ဖြတ်လျက်ရှိကြသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အသတ်ခံရသည့် ဖြစ်စဉ်သည် မေ ၃ ရက် ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးတစ်ဦးကို ညှော်စာရင်းတိုင်မည်ဟု အကြောင်းပြ၍ ဓားနှင့် ထိုးသတ်ခဲ့ခြင်းက စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ဇူလိုင်လ ဒုတိယအပတ်တွင်မူ စာရင်းအရ ဒေသအနှံ့ရှိ အုပ်ချုပ်ရေးမှူးများ သေဆုံးမှုမှာ ၄၀ ခန့်အထိ ရှိလာခဲ့သည်။ ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့မှု၊ ဗုံးနှင့်ပစ်ပေါက်မှုများလည်း အများအပြား ဖြစ်ပေါ်ခဲ့သည်။

အကြမ်းဖက်မှုများ လုပ်ဆောင်ရန် လေလှိုင်းပေါ်ကတစ်ဆင့် စေခိုင်းသူအခါပေး ဦးပုညတို့၏ မြှောက်ထိုးပင့်ကော် စကားသံများကြောင့် မသိနားမလည်သူများကလည်း ရပ်ကျေးအဖွဲ့ဝင်များသည် သူလျှို၊ ဒလန်များဖြစ်သည်ဟုဆိုကာ အကြမ်းဖက်လုပ်ရပ်ကို အားပေးအားမြှောက်ပြုကြပြန်သည်။ **စာမျက်နှာ ၇ သို့**

စာမျက်နှာ ၇ သို့

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အွန်လိုင်းသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းကို အွန်လိုင်းစနစ်ဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ သင်တန်းနည်းပြများ၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ Virtual ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့များကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော စက်သုံးဆီ၊ စားစရိတ်၊ ကျန်းမာရေးအကာအကွယ်သုံး ပစ္စည်းများကို နိုင်ငံတော်မှ ပံ့ပိုးပေးသွားရန်ဖြစ်ပါကြောင်း။



ယခုသင်တန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တိကျသော လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ပိုးတွေ့လူနာများ၊ သံသယလူနာများ၊ ထိစပ်သူများနှင့်ပတ်သက်ပြီး ကူညီဆောင်ရွက်ရာတွင် သိရှိလိုက်နာရန် အချက်များကို စုစည်းပြင်ဆင်ထားပြီး သင်တန်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**ပို့ချဆွေးနွေးသွားမည်**

ယနေ့သင်တန်းတွင် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်သော သိသင့်သည့်အချက်များ၊ ကူးစက်ရောဂါကာကွယ်ရေးနည်းလမ်းများ အပါအဝင် ပြောဆိုဆက်သွယ်ခြင်းဆိုင်ရာ စွမ်းရည်၊ နှစ်သိမ့် ဆွေးနွေးကူညီပေးခြင်းဆိုင်ရာ နည်းလမ်းများ၊ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ စသည့် အုပ်စုအလိုက် ကူညီစောင့်ရှောက်ခြင်းနှင့် ပတ်သက်သော လိုက်နာရန်များ၊ ရှောင်ရန် ဆောင်ရန်များကို ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားပြီး သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများက ဘာသာရပ်များကို ရှင်းလင်းပို့ချခြင်း၊ စေတနာ့ဝန်ထမ်းများနှင့် အပြန်အလှန် ဆွေးနွေးခြင်း၊ အသိပညာမျှဝေခြင်းများ ဆောင်ရွက်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်းပါးများ စာအုပ်ထုတ်ဝေ

**နေပြည်တော် ဇူလိုင် ၂၁**

အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်းပါးများ စာအုပ်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါစာအုပ်တွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ဖော်ပြခဲ့သည့် ဆောင်းပါးများထဲမှ ဆောင်းပါး ၆၉ ပုဒ် ရွေးချယ်ကာ စုစည်းဖော်ပြထားသည်။

အဆိုပါ စာအုပ်တွင် ပါရှိသည့် ဆောင်းပါးရှင် ကနောင် ရေးသားသည့် **အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာ** ဆောင်းပါးတွင် "နိုင်ငံတကာက သတ်မှတ်ထားတဲ့ အကြမ်းဖက်မှုတွေ အမျိုးမျိုးရှိတာမှာ အစွန်းရောက်အမျိုးသားရေးဝါဒနဲ့ အခြေခံဝါဒီတွေအပေါ်မှာ ဇာစ်မြစ်ခံထားတဲ့ အကြမ်းဖက်မှု (အမုန်းတရားနဲ့ အမုန်းစကားတွေ၊ ပြည်သူကို အဆိပ်ခတ်ထားတဲ့ သတင်း အမှားတွေ ပါဝင်ပါတယ်) နဲ့ မှန်ကန်မှုမရှိတဲ့ မျိုးချစ်စိတ်၊ အမျိုးသားရေးသမိုင်း၊ အမျိုးသားရေးစာပေနဲ့ ဒဏ္ဍာရီဖန်တီးမှုတွေမှာ ခိုင်ခိုင်မြဲမြဲ အခြေစိုက်ထားတဲ့ အကြမ်းဖက်မှုတွေက အဆိုးရွားဆုံးနဲ့ အပြစ်မဲ့ပြည်သူကို ဒဏ်ရာအပေးဆုံးလို့ ထင်မြင်မိပါတယ်" စသည့် အကြမ်းဖက်လုပ်ရပ်များအားလုံးကို ပြည်သူများ ဝိုင်းဝန်းဆန့်ကျင်နိုင်စေရေး ရေးသားထားသည်။

ဆောင်းပါးရှင် ကိုသာယာ၏ **အမှန်ကိုမြင်၍ အမှားကိုပြင်နိုင်ကြပါစေ** ဆောင်းပါးတွင် "CRPH နဲ့ NUG ဆိုတာ အိပ်မက်ထဲမှာ စိတ်ကူးယဉ်ပြီး လေထဲတိုက်အိမ်ဆောက်ခဲ့ကြတာပါ။ ဖေ့စ်ဘုတ်လေး၊ အင်တာနက်လေးနဲ့ လိုင်းပေါ်မှာ ဟိုညွှန်ကြားချက်ထုတ်၊ မဟုတ်ကဟုတ်က အမိန့်ထုတ် စတာတွေနဲ့ အစိုးရလုပ်တမ်းကစားနေကြတဲ့ အဆင့်ပဲရှိခဲ့တာပါ"ဟု တိုင်းရင်းသားပြည်သူများနှင့် အပြစ်မဲ့လူငယ်များအား အဖျက်အမှောင့်ဝါဒမှိုင်းများမှ ကင်းလွတ်စေရန် စေတနာရှေ့ထားအကြံပြုရေးသားထားသည်။

ယင်းစာအုပ်တွင် ဖော်ပြထားသည့် **ဆေးပေးခန်းထဲ ပင့်ကူတွေလည်း အခိုင်အမာ အိမ်ရာဖွဲ့** ဆောင်းပါးတွင် "ရန်သူမိတ်ဆွေမရွေး လူသားအားလုံးရဲ့ ကျန်းမာသုခအတွက် မွန်မြတ်သော စိတ်ထားဖြင့် မွန်မြတ်သည့် တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းရွက်ကွက်လပ်ဖြည့်ကြမည့် ဆရာဝန် ဆရာမ အပေါင်းကိုလည်း ပြည်သူလူထုကြီးတစ်ရပ်လုံးက မျှော်လင့်စောင့်စားနေကြပါပြီ"ဟူ၍ ဆောင်းပါးရှင် စာချစ်သူက CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများအား ပြည်သူများ၏ ကျန်းမာရေးသုခအတွက် မွန်မြတ်သော စိတ်ထားဖြင့် တာဝန်များကို ပြန်လည်ထမ်းရွက်စေရေး တိုက်တွန်းရေးသားထားသည်။







ယင်းစာအုပ်ကို ရောင်းဈေးငွေကျပ် ၃၅၀၀ ဖြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၈၁၀၂၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၃၈၁၄၄၈ နှင့် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

**အုပ်ချုပ်မှုပျက်ပြား**

အကျိုးဆက်ကား အချို့ရပ်ရွာများတွင် အုပ်ချုပ်မှုပျက်ပြားကာ ကျေးလက်နေပြည်သူအချို့ အားကိုးရာမဲ့ ဖြစ်ကြရလေသည်။ တောကြောင်များ ထကြွလာ၍ ရာဇဝတ်မှုများ ထူပြောလာသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ပုသိမ်မြို့ရှိ ချေးငွေလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေသူ ကျောင်းကုန်းမြို့ ကျေးရွာတစ်ရွာမှ မိန်းကလေးတစ်ဦးကို မသမာသူများက ဓားနှင့် ခုတ်သတ်ဖြတ်ကာ ဆိုင်ကယ်ကို လုယူသွားခဲ့ကြသည်။

ကျိုက်မရောမြို့နယ် အံကရဲကျေးရွာမှ ကျောင်းဆရာမတစ်ဦးသည်လည်း အသတ်ခံခဲ့ရသည်။ ရုပ်အလောင်းကို မာကလာချောင်းအတွင်း ပြန်လည်တွေ့ရှိခဲ့ရသော်လည်း သူစီးနင်းလာသည့်ဆိုင်ကယ်မှာမူ ပျောက်ဆုံးနေသည်။

ဇူလိုင်လ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းခုံးကျော်တံတား အဆင်းနားရှိ ရွှေဆိုင်တစ်ဆိုင်ကို မသမာသူများက သေနတ်ပြ၍ လုယက်သွားကြသည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အားနည်းလာသည်နှင့်အမျှ ဒေသခံပြည်သူတို့၏ လူမှုစီးပွားအဝဝသည်လည်း အားနည်းချို့ယွင်း ပျက်ပြားလာတတ်သည်။ ပစ္စက္ခ ကိုဗစ်တတိယလှိုင်း မြင့်တက်လာသည့် အခိုက်တွင်လည်း အချို့ရပ်/ကျေးများ၌ ရပ်ကွက်အုပ်ချုပ်ရေး ပီပြင်သက်ဝင်မှုအားနည်းခဲ့၍ ကိုဗစ်ကပ်ဘေးအန္တရာယ်ကို ကာကွယ်တားဆီးရေး၊ ကုသရေး၊ ပံ့ပိုးကူညီဆောင်ရွက်ရေးအပိုင်းတို့တွင် လတ်တလော အင်ပြည့်အားပြည့် မလုပ်ဆောင်နိုင်သေးချေ။ ရပ်ရွာတွင် အခါအားလျော်စွာ ဖြစ်တတ်သည့် အချို့အမှုအခင်းများကိုလည်း ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လက်လှမ်းမမီနိုင်ဖြစ်နေသေးသည်။

သို့ဆိုလျှင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် မသမာသူများ၏ ဆိုက်ဝါးအစွဲအလမ်းများကို ကိုယ့်မြို့ကိုယ့်ရွာ သာယာဝပြောရေးအတွက် ကျွန်ုပ်တို့ ချေချွတ်စွန့်လွှတ်ကြရပါတော့မည်။ ရှေးအတီအတောခေတ်ကာလများကဲ့သို့ပင် ကိုယ့်ရပ်ကိုယ့်ရွာ သာယာဝပြောစည်ပင်ရေးအတွက် ရပ်မိရပ်ဖများနှင့်အတူ ပူးပေါင်းလက်တွဲ၍ ကြုံလာသမျှ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ကြရပါမည်။ မည်သည့်ခေတ်မဆို အုပ်ချုပ်ရေးပီပြင်မှ မြို့ရွာတွေ စည်ပင်ကြပါလိမ့်မည်ဟု ဆိုပါရစေ။ ။

**ကိုးကား - ဆရာ ဦးကိုကိုလှိုင်၏ လူမှုအဖွဲ့အစည်း၏ စုဖွဲ့မှု အပြောင်းအလဲများ(၂) ဆွေးနွေးချက်။**

# ၁၃၈၃ ခုနှစ်(၂၀၂၁ ခုနှစ်)၊ (၂၈)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၁ ခုနှစ်၊ (၂၈)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၆ ဌာနတို့၌ ၂၁-၆-၂၀၂၁ ရက်နေ့မှ ၂၅-၆-၂၀၂၁ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ (၂၈) ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်း ၁၄၇၆၆ ပါးရှိပြီး ဖြေဆို ၉၅၈၇ ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူ စုစုပေါင်း ၃၆၆၆ ပါးဖြစ်ရာ ၃၈.၂၄ ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၃။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၆၈၀ ပါး၊ လေးကျမ်းအောင် ၂၅၈ ပါး၊ သုံးကျမ်းအောင် ၂၆၈ ပါး၊ နှစ်ကျမ်းအောင် ၃၄၈ ပါး၊ တစ်ကျမ်းအောင် ၃၈၄ ပါးတို့ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် ၆၈၀ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ရက-၁၄၊ ဦးဣန္ဒက၊ အသက် ၂၂ နှစ်၊ အဘ ဦးတင်စိုး၊ ပဥ္စနိကာယသာသနဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ် မှော်-၂၈၉၊ ရှင်နန္ဒိယ၊ အသက် ၂၀ နှစ်၊ အဘ ဦးခွန်ဗွာ၊ မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ် ပူရ-၁၅၅၊ ဦးအဂ္ဂါစာရ၊ အသက် ၂၄ နှစ်၊ အဘ ဦးမော်သိန်း၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ် မရ-၇၀၊ မယုနန္ဒာ၊ အသက် ၃၃ နှစ်၊ အဘ ဦးသန်းမောင်၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (သီလရှင်ပထမ)

၄။ အုပ်စု (၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၉၁ ပါး၊ နှစ်ကျမ်းအောင် ၂၃၆ ပါး၊ တစ်ကျမ်းအောင် ၅၅ ပါးတို့ဖြစ်ပါသည်။ ဒီဃနိကာယ် သုံးကျမ်းအောင် ၂၉၁ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် မရ-၃၊ ဦးကေသဝ၊ အသက် ၃၀ နှစ်၊ အဘ ဦးမောင်နု၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ် မန်း/အမဇ-၁၄၊ ဦးပညောဘာသာလင်္ကာရ၊ အသက် ၂၃ နှစ်၊ အဘ ဦးသိန်းဖေ၊ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ် မော်-၃၊ ဦးသဋ္ဌိဝ၊ အသက် ၂၉ နှစ်၊ အဘ ဦးထွန်းအောင်၊ ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် (တတိယ)

(ဃ) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ် လွင်-၃၊ မရူပစန္ဒီ၊ အသက် ၃၃ နှစ်၊ အဘ ဦးစိန်ဝင်း၊ ဗုဒ္ဓခီတာသီလရှင်စာသင်တိုက်၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (သီလရှင်ပထမ)

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၆၃ ပါး၊ နှစ်ကျမ်းအောင် ၂၃ ပါး၊ တစ်ကျမ်းအောင် ၈ ပါးတို့ဖြစ်ပါသည်။

၆။ အုပ်စု(၄) သံယုတ္တနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၉ ပါး၊ နှစ်ကျမ်းအောင် ၂၉ ပါး၊ တစ်ကျမ်းအောင် ၆ ပါးတို့ဖြစ်ပါသည်။

၇။ အုပ်စု (၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၀၅ ပါး၊ နှစ်ကျမ်းအောင် ၇၀ ပါး၊ တစ်ကျမ်းအောင် ၃၆ ပါးတို့ဖြစ်ပါသည်။ အင်္ဂုတ္တရနိကာယ သုံးကျမ်းအောင် ၁၀၅ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ပူရ-၁၊ ရှင်ကဝိန္ဒ၊ အသက် ၂၁ နှစ်၊ အဘ ဦးမောင်မြင့်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ် မရ-၂၊ ဦးပုညာနန္ဒ၊ အသက် ၃၁ နှစ်၊ အဘ ဦးပွကြီး၊ တိပိဋကမဟာဂန္ဓာရုံကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ် စက-၅၀၊ ရှင်ဝိသိဋ္ဌ၊ အသက် ၂၃ နှစ်၊ အဘ ဦးမောင်လုပ်၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (တတိယ)

၈။ အုပ်စု(၆) ခုဒ္ဒကနိကာယ-၁ (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် ၁ ပါးဖြစ်ပါသည်။

၉။ အုပ်စု(၇) ခုဒ္ဒကနိကာယ-၂ (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁ ပါး၊ သုံးကျမ်းအောင် ၃ ပါးတို့ ဖြစ်ပါသည်။

၁၀။ အုပ်စု (၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၂၂၆ ပါး၊ တစ်ကျမ်းအောင် ၈၅ ပါးတို့ဖြစ်ပါသည်။ အဘိဓမ္မပိဋက နှစ်ကျမ်းအောင် ၂၂၆ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် မဟမ-၂၊ ဦးဝိမလာလင်္ကာရ၊ အသက် ၂၅ နှစ်၊ အဘ ဦးအေးသွင်၊ ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ် ပခ-၃၊ ဦးကဝိသာရာလင်္ကာရ၊ အသက် ၂၆ နှစ်၊ အဘ ဦးအုန်းပိုင်၊ သာမဏေကျော်စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ် ဒဂရ-၅၊ ဦးပညာသုတာလင်္ကာရ၊ အသက် ၂၅ နှစ်၊ အဘ ဦးဝင်းနိုင်၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (တတိယ)

၁၁။ အုပ်စု(၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ဒုတိယပိုင်း)လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် ၂ ပါး၊ တစ်ကျမ်းအောင် ၁ ပါးတို့ ဖြစ်ပါသည်။

၁၂။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁ ပါး၊ နှစ်ကျမ်းအောင် ၁ ပါး၊ တစ်ကျမ်းအောင် ၉ ပါးတို့ဖြစ်ပါသည်။

၁၃။ အုပ်စု (၂) ဒီဃနိကာယ (သုတ္တန္တပိဋက) ဒီဃနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် ၂ ပါးဖြစ်ပါသည်။

၁၄။ အုပ်စု(၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) အဋ္ဌကထာ (မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၄ ပါးဖြစ်ပါသည်။

၁၅။ အုပ်စု(၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) အဋ္ဌကထာ (မဟာဝိဒူတန်း)ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် ၁ ပါး ဖြစ်ပါသည်။

၁၆။ (၂၈)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စု ၉ အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု ၄ အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၃၆၆၆ ပါးဖြစ်ပါသည်။

၁၇။ ၁၃၈၃ ခုနှစ် (၂၀၂၁ ခုနှစ်၊ (၂၈)ကြိမ်မြောက် နိကာယ်အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.org.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# ကမာရွတ်မြို့နယ်၌ ကျန်းမာရေးအထောက်အကူပြု အောက်ဆီဂျင်များ စနစ်တကျ ဖြန့်ဖြူးပေး

**ရန်ကုန် ဇူလိုင် ၂၁**

ကမာရွတ်မြို့နယ်အတွင်း နေထိုင်လျက်ရှိသော ပြည်သူများနှင့် ကျန်းမာရေးကောင်းမွန်မှုမရှိသူများ အသုံးပြုဆောင်ရွက်နိုင်ရန် ကျန်းမာရေးအထောက်အကူပြုအောက်ဆီဂျင်များ စနစ်တကျ ဖြန့်ဝေနိုင်ရေးအတွက် မြို့နယ်အောက်ဆီဂျင် ဖြန့်ဝေရေးအထောက်အကူပြုကော်မတီက ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ အောက်ဆီဂျင်ဖြန့်ဝေရန်အတွက် ကမာရွတ်မြို့နယ် အမှတ် (၄) ရပ်ကွက်ရှိ မြန်မာ့သဘော်ာကျင်းလုပ်ငန်းမှ အောက်ဆီဂျင်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဖြန့်ဝေရာတွင် စနစ်တကျရှိစေရေးအတွက် အမှန်တကယ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများသော ရပ်ကွက်/ကျေးရွာများရှိ အောက်ဆီဂျင်လိုအပ်မှုရှိနေသော ပြည်သူများအတွက် တပ်မတော်နှင့် အလှူရှင်များက ဇူလိုင် ၁၈ ရက်မှစတင်၍ လှူဒါန်းပေးလျက်ရှိသလို ပြည်ပမှ ရောက်ရှိလာသော အောက်ဆီဂျင်များကိုလည်း ပြည်သူများ လက်ဝယ်အမြန်ရောက်ရှိစေရေးနှင့် အချိန်ကြန့်ကြာမှုမရှိ လွယ်ကူလျင်မြန်စေရေးတို့အတွက် မြို့နယ်အောက်ဆီဂျင်ဖြန့်ဝေရေး အထောက်အကူပြုကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# ဆားကမြက်

## ဆရာမဲဇာ

“ပြည်ပန်းညို ချိုပါလျက် ဆားကမြက်” ဆိုစကားထဲက ပြည်ပန်းညို၏အချိုကို သုံးဆောင်ဖူးသူများ ရှားသွားသော်လည်း ဆားကိုမူ မလျှော့တမ်း တိုး၍ တိုး၍ စားနေကြပါသည်။ ရလဒ်ကား ချိုမြိန်သော ဘဝအရသာကို ရေရှည်မခံစားနိုင်ဘဲ ရောဂါဝေဒနာတွေတိုးလျက် အသက်တိုကြရသူများ များလာခြင်းဖြစ်သည်။

ဆား စားသုံးမှုများရုံဖြင့် အသက်တိုစေသည်မှာ ဟုတ်ပါ့မလားဟု သံသယရှိသူ အပြည့်ပင်။ မြန်မာတို့က ဆားစားသုံးမှုနှုန်း အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိရုံသာမက ရလဒ်အဖြစ် သွေးတိုးရောဂါအဖြစ်များပြီး နှလုံးနှင့် သွေးကြောရောဂါများ၊ လေဖြတ်၍ ဒုက္ခိတဖြစ် သေဆုံးရသူများ ရှိနေကြောင်း မှတ်တမ်းများအရ သိရှိနိုင်ပါသည်။

**ဆားကဲ့သို့သော အငန်များစားသုံးမှု လွန်ကဲ**

ဆီစားသုံးမှုများသောကြောင့် အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဆီးချိုဖြစ်ခြင်း၊ လေဖြတ်ခြင်းများ ဖြစ်သည်မှာလည်း သေချာ၏။ သို့သော် ဆီစားသုံးမှု အထူးသဖြင့် ဆီဆိုးများ စားသုံးမှုကြောင့် ရောဂါပေါ်လာသည်မှာ မြင်သာ၏။ ဆား စားသုံးမှုများသောကြောင့် ရောဂါဖြစ်လာသည်ကိုမူ စစ်ဆေးမှသိရ၏။ ပိန်ပိန်လေးနှင့် သွေးတိုးမြင့်နေသော လူနာများကို မြန်မာပြည်တွင် အတွေ့များလာ၏။ မေးမြန်းကြည့်လိုက်လျှင် ဆားကဲ့သို့သောအငန်များ စားသုံးမှု လွန်ကဲနေ၍ဖြစ်ကြောင်း သိရ၏။ ထိုအထဲတွင် မငန်ဘဲ အရသာထူးသော အချိုမှုန့်များမှရသည့် ဆိုဒီယမ်ဓာတ်များက ဒုက္ခဖြစ်လောက်သည်အထိ တွန်းပို့နေကြောင်း စားသုံးသူတို့ သတိမပြုမိကြချေ။

ဆားအပါအဝင် အငန်ဓာတ်များ၏ သဘာဝက ရသတဏှာကို ဖြစ်စေရုံ၊ စွဲလမ်းရုံသာမက မူးယစ်ဆေးဝါးများကဲ့သို့ တိုး၍ တိုး၍ သုံးစွဲလိုသော ဆန္ဒများကို ဖြစ်ပေါ်စေ၏။ ဆားလျှော့စားလျှင်၊ အငန်ပေါ့သွားလျှင် လျှာကသိသာ၏။ ဟင်းမည်မျှကောင်းကောင်း အရသာမတွေ့။ ရေနွေးထဲတွင် အချိုမှုန့် ခတ်ထားသော “မှန်ရောင်ဟင်းချို” ကမှ သောက်၍ ကောင်းသလိုလို ရှိတော့၏။

အချိုမှုန့်နှင့် ဆားတို့သည် တွဲဖက်၍ လျှာကို အကျင့်ပျက်စေ၏။ နဂိုကပင် အငန်ကဲသည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်များနှင့်တွဲ၍ အချိုမှုန့်သုံးကြ၏။ ငါးခြောက်ဖုတ်ကို ဆီရွှဲရွှဲဆမ်းထားသည့် အပေါ်တွင် အချိုမှုန့်တစ်ဇွန်းလောက်ထပ်၍ခတ်ကာ ညှော်ကောင်းဆောင်ကောင်းများအတွက် တည်ခင်းညှော့်ခံသည်ကိုလည်း ကြုံဖူးပါ၏။

အဝေးပြေးလမ်းတစ်နေရာတွင် သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်လေးတစ်ခုမှာ ရောင်းချနေသမျှ အစာများ အငန်ကဲနေသဖြင့် အကြောင်းရင်းကို မေးကြည့်၏။ ဆိုင်ကလေးမှာ အဝေးပြေးယာဉ်မောင်းတို့ နားနေရာဖြစ်ကြောင်း၊ အဝေးပြေးယာဉ်မောင်းတို့မှာ ကွမ်းယာစားသုံးမှုများသဖြင့် လျှာထူနေပြီး တော်ရုံတန်ရုံ ဆားခတ်ထားသည့် ဟင်းလျာများမှာ မတိုးတော့ကြောင်း ဆိုင်ရှင်က ရှင်းပြ၏။

**ကွမ်းယာကို မဖြတ်နိုင်သည်နှင့်အမျှ**

မြန်မာတို့မှာ ကျား၊ မ မရွေး ကွမ်းယာစားသုံးမှု ဓလေ့ရှိ၏။ ကွမ်းစွဲသူများလှ၏။ အဝေးပြေးယာဉ်မောင်းများမှာ လမ်းခရီးတွင် အိပ်မငိုက်ဘဲ အလုပ်တွင်ရန် ကွမ်းယာမြို့တတ်ပြီး တစ်နေ့လျှင် ကွမ်းယာ ငါးဆယ်မက စားသုံးလေ့ရှိပါသည်။ ကွမ်းယာကို မဖြတ်နိုင်သည်နှင့်အမျှ လျှာက အငန်ကို ပို၍တောင့်တလာပြီး ကွမ်းစားသုံးမှု အနည်း၊ အများသာလျှင်ကွာမည် အငန်ကြိုက်သည်ကတော့ အတူတူဖြစ်တော့၏။

ထူးခြားဖြစ်စဉ် တစ်ခုအနေဖြင့် ရှမ်းပြည်နယ်ထဲက ဒေသတစ်ခုတွင် တစ်ရွာလုံး သွေးတိုးရောဂါဖြစ်နေသည်ကို တွေ့ရ၏။ အဆီ၊ အငန်စားသုံးမှု ပုံမှန်ဖြစ်လျက် သွေးတိုးနေကြသဖြင့် သူတို့ သောက်နေကျရေတွင် သွေးတိုးစေသည့် ဓာတ်များ ပါနေသလားဟု ယူဆကြ၏။ ခိုင်ခိုင်မာမာ သက်သေပြဖို့ အခွင့်အရေး မရခဲ့ပေ။

> **အငန်ကို လျှော့စားကြည့်ပါ။ သိသိသာသာ နေထိုင်ကောင်းလာပါမည်။ မိမိ၏ ခံစားမှုနှင့်နှိုင်း၍ စားနေကျအငန်ထက် တဖြည်းဖြည်း လျှော့စားသွားရန်သာ လိုပါသည်။ စာအုပ်ကြီးထဲက ကိန်းဂဏန်းတွေထက် မိမိ၏ နေထိုင်မှုဘဝဟန်နှင့် ကိုက်ညီရန် ညှိရပါမည်။ တိုင်းတာနိုင်သည့် ဓာတ်ခွဲစစ်ဆေးမှုတွေ များလှသော်လည်း အလွယ်ဆုံးမှာ သွေးတိုးရှိ၊ မရှိစစ်ဆေးကြည့်ဖို့ပင်ဖြစ်။**

ရှေးလူကြီးများမှာ မကူးစက်နိုင်သော ရောဂါပြဿနာ မများလှပါ။ Non Communicable Disease–NCD ဟုခေါ်သော ထိုရောဂါများကြောင့် ရောဂါရခြင်း၊ အသက်တိုခြင်းဖြစ်ခဲ့၏။ ရောဂါပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါများကြောင့်သာ အသေအပျောက်များပြီး အသက်တိုစေသော ကပ်ရောဂါများ ရံဖန်ရံခါဖြစ်ခဲ့၏။

လူတို့သည် ကပ်ရောဂါဖြစ်မှာ ကြောက်၏။ ငွေတွေပုံပေး၍ ကာကွယ်ဖို့၊ ကုသဖို့ ကြိုးစားကြ၏။ ငွေမကုန်ဘဲနှင့် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရသောအလုပ်များကိုမူ ဦးစားပေးလေ့မရှိချေ။ ယခုအဖြစ်များနေသော ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးကို ကျော်လွှားရန်အတွက် ကုသဆေးတွေရှာ၏။ မတွေ့။ ကာကွယ်ဆေးတွေ တစ်မျိုးပြီးတစ်မျိုး အချိန်တိုအတွင်း ပေါ်လာ၏။ သို့ရာတွင် ငြိမ်ငြိမ်မနေသော ရောဂါပိုးများက ဗီဇပြောင်းကာ မျိုးကွဲများ ဖန်တီး၍ တိုက်ခိုက်ကြ၏။

ပိုးနှင့်လူသားတို့၏ “ဘတစ်ပြန်–ကျားတစ်ပြန်” တိုက်ပွဲများသည် မည်သည့်အခါမှ နိဂုံးချုပ်မည်မသိ။ ထိုကာလအတွင်း လူသားပေါင်း သန်းနှစ်ရာနီးပါး ရောဂါရ၍ သုံးသန်းမျှ သေလွန်ကြလေပြီ။ သုတေသနများအရ မကူးစက်သော ရောဂါများဖြစ်သော သွေးတိုး၊ ဆီးချို၊ အဝလွန်၊ အသက်ကြီး၊ ကိုယ်ခံအားနည်းခြင်းကြောင့် ရောဂါပိုး ကူးစက်ရောဂါ (Communicable Disease – CD) ဖြစ်ကာ သေရခြင်းဖြစ်ကြောင်း ပေါ်လွင်လာ၏။

**ကိုယ့်ကျန်းမာရေး**
**ကိုယ်ဖန်တီးနိုင်**

NCD ဖြစ်ရခြင်း အကြောင်းရင်းဖြစ်သော ဆီဆိုးများစားသုံးခြင်း၊ အချိုမှုန့်၊ အငန်များ၊ သဘာဝမကျသောအစာများ စားသုံးခြင်းကိုမူ မလျှော့နိုင်ကြပါ။ ရောဂါပျောက်ဆေးများ မိုးပေါ်က ကျလာမည်လားမျှော်လင့်နေမည့်အစား ဆီလျှော့စားဖို့၊ ဆားလျှော့စားဖို့၊ အချိုမှုန့်လျှော့စားဖို့ ခက်နေ၏။ လွယ်လွန်းသောကြောင့် ခက်နေခြင်း၊ စိတ်မဝင်စားခြင်း၊ ကိုယ့်ကျန်းမာရေး ကိုယ်ဖန်တီးနိုင်စွမ်းကို မယုံကြည်ခြင်းများ တွေ့နိုင်ပါ၏။

ပညာပေးသူတွေဘက်ကလည်း စားပွဲပေါ်ထိုင်ပြီးအင်တာနက်ကိုခေါက်၍ သိလာသည်ကိုကူးကာ ကပ်ပေးလိုက်ခြင်း (Copy and Paste) လုပ်နေကြသည်ကများ၏။ ဆားလျှော့စားသုံးဖို့ တစ်ခုတည်းမှာပင် မတူကွဲပြားနေသော နေထိုင်မှုဘဝဟန် (Life – Styles) များကို အခြေခံနေသော အကြောင်းတရားများကို မသိကျိုးကျွန်ပြု၍မရ။

ရေခဲသေတ္တာသုံးနိုင်သူနှင့် ကြောင်အိမ်ထဲမှာ ဟင်းထည့်ထား၍ စားရသူတို့ မတူကြ။ တစ်နေ့လုပ်မှ တစ်နေ့စားရသူတို့က ရွေးချယ်စားသုံးရသော အာဟာရမတူကြ။ ပူပြင်းခြောက်သွေ့လွန်းသော အညာဒေသနှင့် စွတ်စိုထိုင်းမှိုင်းသော ဒေသ၊ အေးလွန်းသောဒေသများတွင် စားသောက်ပုံ (အထူးသဖြင့် အစားအစာသိမ်းဆည်းပုံ) ချင်း မတူကြ။

လက်တစ်ကမ်းမှာ ဈေးသည်ရှိသော မြို့ပြနှင့် ငါးရက်မှတစ်ဈေးထွက်သောဒေသမှ လူများမတူကြ။ ကျပ်တိုက်၊ ဆားနယ်၊ အချဉ်တည်ထားမှ အချိန်ကြာကြာ စားသုံးနိုင်ရန်အတွက် ဆားသည် အဓိကဓာတ်ဆောင်ဖြစ်လာ၏။ ချွေးတလုံးလုံးနှင့် အလုပ်နေပူထဲမှာမူ လုပ်ငန်းခွင်ဝင်ရသော ပုဂ္ဂိုလ်များအတွက် ဆားလိုအပ်ချက် ပိုများသည်မှာလည်း အမှန်ပင်။

**ဆားနှင့်ဆားထွက်ပစ္စည်းများ**
**လျှော့ချစားသုံး**

ကွဲပြားသော နေထိုင်မှုဘဝဟန်ကြောင့် ဖြစ်လာသောရောဂါများ (Life – Style Diseases) များတွင် သွေးတိုး၊ လေဖြတ်ရောဂါများသည် ယခုအခါ မြန်မာပြည်တွင် ရှေ့တန်းရောက်လာ၏။ အချိုတွေစား၍ သွေးတိုး၊ ဆီးချိုဖြစ်ရသော မြန်မာလူချမ်းသာများကိုကြည့်၍ အချိုလျှော့စားဖို့ ပညာပေးနေသည် မှန်သော်လည်း တစ်နိုင်ငံလုံး ဆင်းရဲချမ်းသာမရွေး အလွယ်တကူ ပေါပေါများများ စားသုံးနေသော ဆားနှင့် ဆားထွက်ပစ္စည်းများကို ချက်ချင်းလျှော့ချစားသုံးဖို့ တိုက်တွန်းလိုပါ၏။

အငန်ကို လျှော့စားကြည့်ပါ။ သိသိသာသာ နေထိုင်ကောင်းလာပါမည်။ မိမိ၏ ခံစားမှုနှင့် နှိုင်း၍ စားနေကျ အငန်ထက် တဖြည်းဖြည်း လျှော့စားသွားရန်သာ လိုပါသည်။ စာအုပ်ကြီးထဲက ကိန်းဂဏန်းတွေထက် မိမိ၏ နေထိုင်မှုဘဝဟန်နှင့် ကိုက်ညီရန် ညှိရပါမည်။ တိုင်းတာနိုင်သည့် ဓာတ်ခွဲစစ်ဆေးမှုတွေ များလှသော်လည်း အလွယ်ဆုံးမှာ သွေးတိုးရှိ၊ မရှိစစ်ဆေးကြည့်ဖို့ပင် ဖြစ်ပါသည်။

တစ်လတစ်ခါလောက် ပုံမှန်စစ်ဆေးကြည့်ရုံဖြင့် မိမိတို့စားသုံးသင့်သည့် အငန်ဓာတ်ကို ချိန်ဆနိုင်ပါသည်။ တစ်ချိန်က သွေးပေါင်တစ်ခါချိန်လျှင် တစ်ကျပ်မျှသာ ကုန်ကျ၏။ သို့ပါလျက် ပုံမှန်ချိန်မည့်သူမရှိ။ အငန်တွေလျှော့စားရသည်ကို ရေရှည်သည်းမခံနိုင်သူများလည်းရှိ၏။

ဆရာဝန်ထံသွားလျှင် “ဝါးခ” ကုန်မှာကြောက်သဖြင့် သွေးမချိန်သူရှိလျှင်မူ လူထုအခြေပြုဖြေရှင်းမှုရှိပါ၏။ ခေတ်ပေါ်ဒစ်ဂျစ်တယ် သွေးတိုင်းကိရိယာများကို ငါးတန်းကျောင်းသားပင် အလွယ်တကူ သုံးတတ်ပါ၏။ ရွာထဲက အလယ်တန်းကျောင်းသားများကို သွေးချိန်နည်းသင်ပေးထားပြီး စေတနာ့ဝန်ထမ်းအဖြစ် ရွာထဲမှာ သွေးတိုး ရှိ၊ မရှိ စစ်ဆေးကြည့်နိုင်၏။ သူတို့၏ မှတ်တမ်းများကို ဒေသခံကျန်းမာရေးဝန်ထမ်းများက ပုံမှန်စစ်ဆေးပြီး လိုအပ်သလိုကုသခြင်း၊ လွှဲပို့ခြင်းပြုနိုင်၏။ ဤစီမံချက်ငယ်များကို ကျန်းမာရေးပညာအလုပ်အဖြစ် ဌာနက ဦးဆောင်လုပ်ခဲ့ပါ၏။ လူထုကိုယ်တိုင် သွေးတိုးရောဂါ ကာကွယ်ရေး အငန်လျှော့စားခြင်းများကို လိုလိုချင်ချင် ပြုလုပ်နိုင်ပါသည်။

- **လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ဆားကိုဖြတ်၍ မရပါ။**
- **မရှိမဖြစ် ဆားကိုလည်း မများအောင် ချင့်ချိန်ပါ။**
- **စားမည်ဆိုလျှင်လည်း အိုင်အိုဒင်းဓာတ်ပါသောဆားကိုစားပါ။ ॥**

■

# ကာကွယ်ဆေးတွေ မကြာမီရရှိလာရင် ထိုးနှံဖို့အခွင့်အရေးရရှိမယ်ဆိုရင် အမြန်ဆုံးထိုးနှံဖို့လိုအပ်ပါတယ်။

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇူလိုင် ၂၀ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာဖြစ်ပါတယ်။

ပထမဆုံးမေးခွန်းအနေနဲ့ မြန်မာနိုင်ငံမှာ ထိုးနှံပေးနေတဲ့ ကာကွယ်ဆေးတွေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး နောက်ဆုံးသုတေသနတွေ့ရှိချက်တွေကို ရှင်းပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ မြန်မာနိုင်ငံကို Astra-Zeneca Covishield အနေနဲ့လာပါတယ်။ ဒီဆေးနဲ့ ပတ်သက်ပြီး The Lancet ဂျာနယ်ရဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ထုတ်ပြန်ချက်အရ ကာကွယ်ဆေးတစ်ကြိမ် ထိုးထားရင် ၇၆ ရာခိုင်နှုန်း ကာကွယ်ပါတယ်။ နှစ်ကြိမ် အပြည့်အဝထိုးပြီးရင် ၈၂ ရာခိုင်နှုန်း ကာကွယ်တာကို သိရပါတယ်။ ဒီလိုမျိုး ကာကွယ်ဆေးရဲ့ထိရောက်မှုကို Clinical Trials Phase 3 စမ်းသပ်မှုကို ယူကေနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတို့မှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

### ၃ ဒသမ ၅ သန်း ထိုးနှံပေးပြီး

အင်္ဂလန်နိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးဌာနက ဒီသုတေသနတွေ့ရှိချက်ကို ၂၀၂၁ ခုနှစ် မေလထုတ် Health and Science Journal မှာ AstraZeneca Covishield နှစ်ကြိမ် အပြည့်ထိုးထားပါက အိန္ဒိယမျိုးဗီဇပြောင်းပိုးဖြစ်တဲ့ **‘ဒယ်လ်တာ’** ဗိုင်းရပ်စ်ကို ၆၀ ရာခိုင်နှုန်းနဲ့ ယူကေမျိုးဗီဇပြောင်းပိုးဖြစ်တဲ့ **‘အယ်လ်ဖာ’** ဗိုင်းရပ်စ်ကို ၆၆ ရာခိုင်နှုန်း ကာကွယ်နိုင်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီဆေးကို လူပေါင်း ၃ ဒသမ ၅ သန်းကို ထိုးနှံပေးပြီးဖြစ်ပါတယ်။

နောက်ထပ် ပြည်သူတွေကို ထိုးနှံပေးမယ့် ကာကွယ်ဆေးက Sinopharm ဖြစ်ပါတယ်။ ဒီဆေးကို China National Biotec Group Company Limited(CNBG)က ထုတ်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်ပါတယ်။ ဒီကာကွယ်ဆေးက ကိုဗစ်ရောဂါပိုးကို အားပျော့အောင်၊ အားနည်းအောင်၊ ချည့်နဲ့အောင်၊ လူကိုအန္တရာယ်မပေးနိုင်အောင် ပြုလုပ်ထားတဲ့ ဆေးအမျိုးအစားဖြစ်ပါတယ်။ ဒီဆေးရဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်စွမ်းကို သိရှိနိုင်ဖို့အတွက် နိုင်ငံအတော်များများမှာ စမ်းသပ်မှုအဆင့်(၃)အထိ ပြုလုပ်ထားပြီး ဖြစ်ပါတယ်။ ဒီကာကွယ်ဆေး ၂၁ ရက်ခြားပြီး နှစ်ကြိမ်ထိုးနှံခဲ့သူတွေကို ပျမ်းမျှ ၁၁၂ ရက် စောင့်ကြည့်တဲ့အခါမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနဲ့ ရောဂါပြင်းထန်လို့ ဆေးရုံတက်ရောက်ရမှုကို ထိရောက်စွာကာကွယ်နိုင်မှု အာနိသင် ၇၉ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဒါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ ဒီဆေးအပေါ် ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

နောက်မကြာခင် မြန်မာနိုင်ငံက ဝယ်ယူထားတဲ့ Sputnik V နဲ့ပတ်သက်ပြီး အကျဉ်းမျှတင်ပြလိုပါတယ်။ Sputnik V ကို လောလောဆယ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အရေးပေါ်အသုံးပြုနိုင်တဲ့




ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနှင့် တွေ့ဆုံမေးမြန်းစဉ်။

ကာကွယ်ဆေးတွေထဲမှာ လက်ရှိမပါဝင်သေးသော်လည်း ဒီဆေးကို ရုရှားနိုင်ငံက အတည်ပြုထားတဲ့အပြင် နိုင်ငံပေါင်း ၆၀ ကျော်မှာ အသုံးပြုနေတဲ့ ကာကွယ်ဆေးဖြစ်ပါတယ်။ ဒီဆေးကို ရုရှားနိုင်ငံ Gamaleya Research Institute of Epidemiology and Microbiology က ထုတ်တာဖြစ်ပါတယ်။ ဒီဆေးက လူမှာဖြစ်စေတဲ့ အအေးမိ၊ နှာစေးဖြစ်စေတဲ့ ဗိုင်းရပ်စ်နှစ်မျိုးကို ယူပြီးသုံးတာဖြစ်ပါတယ်။ ဆေးရဲ့ထိရောက်မှုက ၉၁ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး (၃)ပတ်ခြားပြီး နှစ်ကြိမ်ထိုးနှံရတဲ့ ကာကွယ်ဆေးအမျိုးအစား ဖြစ်ပါတယ်။

### ထိရောက်မှု ၇၈ ရာခိုင်နှုန်းရှိ

နောက်တစ်ခုက အိန္ဒိယနိုင်ငံထုတ် Covaxin ကာကွယ်ဆေးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အနည်းအကျဉ်း ရရှိသုံးစွဲပြီး ဖြစ်ပါတယ်။ Covaxin ကို အိန္ဒိယနိုင်ငံက ကိုယ်ပိုင်ထုတ်လုပ်တဲ့ ဆေးဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ ကမ္ဘာ့ကာကွယ်ဆေးထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေတဲ့ အကြီးဆုံးကာကွယ်ဆေးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီဆေးကို အိန္ဒိယနိုင်ငံအစိုးရက အရေးပေါ် အသုံးပြုခွင့်ပေးထားတဲ့ ဆေးဖြစ်ပါတယ်။ ဆေးရဲ့ထိရောက်မှုက ၇၈ ရာခိုင်နှုန်းရှိပြီး (၄)ပတ်ခြားပြီး နှစ်ကြိမ်ထိုးနှံရတဲ့ ဆေးဖြစ်ပါတယ်။ Covaxin ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ အရေးပေါ်ကာကွယ်ဆေးအဖြစ် အသုံးပြုခွင့်ပြုနိုင်ဖို့လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေကို ဆောင်ရွက်လျက်ရှိပြီး တစ်ပတ်၊ နှစ်ပတ်အတွင်းမှာ ပါဝင်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဆေးသိပ္ပံပညာရှင်အဖွဲ့ခေါင်းဆောင်က ပြောထားပါတယ်။

လက်ရှိမြန်မာနိုင်ငံအနေနဲ့ ဒီကာကွယ်ဆေးတွေကို ပြည်သူတွေကို ထိုးနှံပေးဖို့ စဉ်းစားတဲ့အခါ အချက်(၃)ချက်နဲ့ မူတည်ပြီး စဉ်းစားပါတယ်။ နံပါတ်(၁) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Pre-Qualified ကာကွယ်ဆေးဖြစ်ရဲ့လား။ လက်ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက တစ်နှစ်အတွင်း ထုတ်လုပ်ရတဲ့ ကာကွယ်ဆေးတွေဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ကာကွယ်ဆေးအများစုက တချို့ဆိုရင် ဆယ်စုနှစ်နဲ့ချီပြီး ကြာပါတယ်။ အစောဆုံးကာကွယ်ဆေးထုတ်နိုင်တယ်ဆိုရင် လေးနှစ်ကျော် ကြာပါတယ်။ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်ဖို့အတွက် ကာကွယ်ဆေးတွေထုတ်တဲ့အခါမှာ လူတွေရဲ့အသက်ကို အမြန်ဆုံးကာကွယ်နိုင်ဖို့အတွက် အမြန်ဆုံးထုတ်လုပ်ရပါတယ်။ အမြန်ဆုံးထုတ်လုပ်တဲ့အတွက် ဆေးရဲ့စိတ်ချလုံခြုံမှု၊ ဘေးကင်းမှုကို ထည့်သွင်းစဉ်းစားရပါတယ်။ ဒါကြောင့် လက်ရှိအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Pre-Qualified ကာကွယ်ဆေးအဖြစ် သတ်မှတ်ထားတာ မရှိပါဘူး။ လက်ရှိမှာ မွေးကင်းစကနေ အသက် ၁၃ နှစ်အထိ မြန်မာနိုင်ငံမှာ ကလေးတွေကို ထိုးပေးတဲ့ကာကွယ်ဆေး ၁၃ မျိုးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Pre-Qualified ကာကွယ်ဆေးတွေ ဖြစ်ပါတယ်။

### ခွင့်ပြုတာတွေရှိ

သို့သော် ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Pre-Qualified ကာကွယ်ဆေးအဖြစ် သတ်မှတ်ထားတာ မရှိပေမယ့် အရေးပေါ်အသုံးပြုခွင့်အဖြစ် သတ်မှတ်ပြီး ကာကွယ်ဆေးတွေကို ခွင့်ပြုတာတွေရှိပါတယ်။ Covax Facility ကနေ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးဖို့လိုတဲ့ နိုင်ငံတွေ၊ အလယ်အလတ်နိုင်ငံတွေပါဝင်တဲ့ နိုင်ငံပေါင်း ၁၉၀ ကို ကာကွယ်ဆေးတွေ ပေးပို့ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒါကြောင့် နံပါတ်(၁) အချက်အနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Eul List မှာပါဝင်တဲ့ ကာကွယ်ဆေးတွေကို မြန်မာနိုင်ငံမှာ ထိုးနှံပေးဖို့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။

နံပါတ် (၂) အချက်အနေနဲ့ ကာကွယ်ဆေးထုတ်လုပ်တဲ့ နိုင်ငံကနေပြီး သူတို့ရဲ့နိုင်ငံမှာရှိတဲ့ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အသိအမှတ်ပြုခွင့်ရှိတဲ့ အဖွဲ့အစည်းကနေပြီး အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေဆိုရင် မြန်မာနိုင်ငံမှာ အသုံးပြုပါမယ်။ ဒါကတစ်နည်းအားဖြင့် စိတ်ချရတဲ့ ကာကွယ်ဆေးဖြစ်တယ်ဆိုတာကို သတ်မှတ်လို့ရပါတယ်။

နံပါတ်(၃)အချက်အနေနဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ FDA က အသုံးပြုခွင့် အပြည့်အဝ မပေးပေမယ့် သက်ဆိုင်ရာထုတ်လုပ်တဲ့နိုင်ငံမှာ အရေးပေါ်အသုံးပြုဖို့အတွက် လောလောဆယ် အသုံးပြုခွင့်ပေးတယ်ဆိုတဲ့ ကာကွယ်ဆေးတွေကိုလည်း အသုံးပြုခွင့်ပေးမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကိုယ့်နိုင်ငံရဲ့ FDA ကနေပြီး လိုအပ်တဲ့အချက်အလက်တွေ၊

### ထက်လျှံ

စာရွက်စာတမ်းတွေ၊ စစ်ဆေးမှုတွေ ဆက်လုပ်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ပြီး မြန်မာနိုင်ငံ FDA က အတည်ပြုချက်ပေးမှသာ နိုင်ငံအတွင်းကို ကာကွယ်ဆေး တင်သွင်းခွင့်၊ အသုံးပြုခွင့်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေကို ဘယ်လိုအချက်တွေနဲ့ ကိုက်ညီမှ ပြည်သူတွေကို ထိုးနှံပေးဖို့အတွက် ရွေးချယ်တာကို အများအနေနဲ့ ရှင်းပြီလို့ ထင်ပါတယ်။

### မကြာမီရရှိနိုင်ဖွယ်ရှိ

ဒီနေရာမှာ ကျွန်မတို့ ဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေအနေနဲ့ အိန္ဒိယနိုင်ငံက ကာကွယ်ဆေးသန်း ၃၀ အနက် ၁၅ သန်းအတွက် ငွေပေးချေပြီးဖြစ်ပါတယ်။ သို့သော် နှစ်သန်းသာရရှိသေးပါတယ်။ သူတို့နိုင်ငံရဲ့ လက်ရှိအခြေအနေမှာ ကိုဗစ်ရောဂါဖြစ်ပွားမှုတွေက များနေတယ်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံထဲမှာ ပါတယ်။ ဖြစ်ပွားသေဆုံးမှုတွေကလည်းရှိနေတဲ့အတွက်ကြောင့် သူတို့နိုင်ငံရဲ့ ရောဂါဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ဆောင်ရွက်နေရတဲ့အတွက်ကြောင့် ကာကွယ်ဆေးဝယ်ယူထားတဲ့ တခြားနိုင်ငံကိုပေးပို့ဖို့ အခက်အခဲရှိတဲ့အတွက်ကြောင့် ယာယီပိတ်ပင်ထားပေမယ့် သူတို့နိုင်ငံရဲ့ ဖြစ်ပွားမှုနဲ့သေဆုံးမှုက မေလနဲ့နှိုင်းစာရင် အများကြီးကျဆင်းလာတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားပါတယ်။ မကြာမီအိန္ဒိယနိုင်ငံက ထိန်းချုပ်နိုင်တာနဲ့ တစ်ပြိုင်နက် ကာကွယ်ဆေးရောင်းချထားတဲ့နိုင်ငံတွေကို ကာကွယ်ဆေးတွေတင်ပို့ဖို့ကိစ္စတွေ သူတို့ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံကလည်း ဦးစားပေးနိုင်ငံထဲမှာ ပါဝင်တဲ့အတွက် ကာကွယ်ဆေးတွေ မကြာမီ ရရှိနိုင်ဖွယ်ရှိပါတယ်။

ဒါ့အပြင် ဒီကာကွယ်ဆေးတွေကို အကြောင်းကြောင်းကြောင့် နောက်ကျရခြင်း မရှိရအောင် ကိုယ့်နိုင်ငံသားတွေကို ကာကွယ်ဆေး အမြန်ဆုံးထိုးနှံနိုင်ဖို့အတွက် နောက်ထပ်အစီအစဉ်အနေနဲ့ တရုတ်နိုင်ငံကနေ ကာကွယ်ဆေးဝယ်ယူတာတွေရှိပါတယ်။ ရုရှားနိုင်ငံကလည်း ကာကွယ်ဆေးဝယ်ယူတာတွေရှိပါတယ်။ တရုတ်နိုင်ငံက ကာကွယ်ဆေး လေးသန်း ဝယ်ယူထားပါတယ်။ Sinovac နှစ်သန်းနဲ့ Sinopharm နှစ်သန်း ဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံက အိမ်နီးချင်းနိုင်ငံချစ်ခင်ရင်းနှီးမှုရဲ့ ပြယုဂ်အဖြစ် နောက်ထပ် Sinopharm နှစ်သန်းလှူဒါန်းဖို့ရှိပါတယ်။ ဒါဆိုရင် တရုတ်နိုင်ငံက Sinovac ကာကွယ်ဆေး နှစ်သန်းနဲ့ Sinopharm ကာကွယ်ဆေးလေးသန်း မကြာမီရလာဖွယ်ရှိပါတယ်။ ဒီလ စတုတ္ထပတ်ထဲမှာ Sinovac ကာကွယ်ဆေး တစ်သန်းရောက်ရှိဖွယ်ရှိပြီး ဩဂုတ်လ ၆ ရက်၊ ၇ ရက် ပထမပတ်ထဲမှာ နောက်ထပ် ကာကွယ်ဆေး သုံးသန်း ရောက်ရှိဖွယ်ရှိပါတယ်။ ဒါ့အပြင် ဩဂုတ်လမကုန်ခင်မှာ နောက်ထပ် ကာကွယ်ဆေး နှစ်သန်းရရှိဖွယ်ရှိတဲ့အတွက် ဒီလနဲ့ ရှေ့လအတွင်းမှာ ကာကွယ်ဆေး ခြောက်သန်းရောက်ရှိနိုင်ဖွယ်ရှိတဲ့အတွက် ရရှိပြီဆိုတာနဲ့ ဦးစားပေးထိုးနှံရမယ့် လူအုပ်စုတွေကို အမြန်ဆုံးထိုးနှံဖို့လည်း အစီအစဉ်တွေ ရေးဆွဲထားပြီးဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ☆

- **ဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေအနေနဲ့ အိန္ဒိယနိုင်ငံက ကာကွယ်ဆေး သန်း ၃၀ အနက် ၁၅ သန်းအတွက် ငွေပေးချေပြီးဖြစ်**
- **ကာကွယ်ဆေးတွေကို အကြောင်းကြောင်းကြောင့် နောက်ကျရခြင်းမရှိရအောင် ကိုယ့်နိုင်ငံသားတွေကို ကာကွယ်ဆေး အမြန်ဆုံးထိုးနှံနိုင်ဖို့အတွက် နောက်ထပ်အစီအစဉ်အနေနဲ့ တရုတ်နိုင်ငံကနေ ကာကွယ်ဆေးဝယ်ယူတာတွေရှိ**
- **ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေတဲ့ SARS-CoV-2 ဗိုင်းရပ်စ်က မျိုးကွဲတွေ ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ကမ္ဘာပေါ်မှာ ရောဂါကူးစက်မှုတွေက ပြန်ပြီးမြင့်တက်လာခြင်းဖြစ်သလို အချို့နေရာတွေမှာဆိုရင် အတော့်ကို အရှိန်အဟုန်နဲ့ ရောဂါဖြစ်ပွားမှုတွေ၊ သေဆုံးမှုတွေ များလာရခြင်းဖြစ်**

✰ စာမျက်နှာ ၁၀ မှ

ဒ့ါအပြင် ရုရှားနိုင်ငံကနေ Sputnik V နဲ့ Sputnik Light ကာကွယ်ဆေးတွေကို ဝယ်ယူထားတာရှိပါတယ်။ ရုရှားနိုင်ငံကလည်း အခုလောလောဆယ်မှာ သူတို့နိုင်ငံမှာလည်း ရောဂါဖြစ်ပွားမှုတွေကို ထိန်းချုပ်နေရတဲ့အတွက် ကာကွယ်ဆေးတွေကို သူတို့အနေနဲ့ အမြန်ဆုံးပေးပို့နိုင်ဖို့ ဆောင်ရွက်မယ်လို့ ယုံကြည်ပါတယ်။ မကြာမီ အချိန်အတွင်းမှာ ရရှိနိုင်ဖွယ်ရှိပါတယ်။ Sputnik V က အခုလက်ရှိမှာ နိုင်ငံပေါင်း ၆၀ ကျော်မှာ အသုံးပြုနေပါတယ်။ လက်ရှိမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ရဲ့ အရေးပေါ်အသုံးပြုနိုင်တဲ့ ကာကွယ်ဆေးစာရင်းထဲမှာပါဝင်ဖို့ ကိစ္စရပ်တွေ ဆောင်ရွက်နေပါတယ်။

Sputnik Light က တစ်ကြိမ်ပဲထိုးရတဲ့ ကာကွယ်ဆေးဖြစ်ပါတယ်။ တစ်ကြိမ်တည်းထိုးရပေမယ့် ကာကွယ်ဆေးရဲ့ အာနိသင်က ၈၂ ရာခိုင်နှုန်းလောက်ရှိတယ်။ သို့သော် Clinical Trials Phase တွေ ပြီးဆုံးအောင် ဆောင်ရွက်နေဆဲကာလဖြစ်တဲ့အတွက်ကြောင့် ရုရှားအနေနဲ့ Approved ဖြစ်ပြီးပြီဆိုရင် ဒါကို တခြားနိုင်ငံတွေကို ရောင်းချနိုင်ဖွယ်ရှိပါတယ်။

### ရည်မှန်းထား

၂၀၂၁ ခုနှစ်မကုန်ခင်မှာ ကာကွယ်ဆေးထိုးနှံဖို့ အကျုံးဝင်တဲ့ အသက် ၁၈ နှစ်အထက် လူဦးရေ ၃၈ ဒသမ ၃ သန်းရဲ့ ထက်ဝက် ၅၀ ရာခိုင်နှုန်း သန်း ၂၀ လောက်ကို ကျွန်မတို့ ကာကွယ်ဆေးထိုးပေးဖို့ ရည်မှန်းထားတာဖြစ်ပါတယ်။ **နိုင်ငံတော်အစိုးရက ပြည်သူလူထုကို ကာကွယ်ဆေးတွေ အခမဲ့ထိုးနှံပေးဖို့ စီစဉ်တာနဲ့ တစ်ပြိုင်နက်တည်းမှာ ပုဂ္ဂလိကကဏ္ဍကလည်း ကာကွယ်ဆေးတွေကို ဝယ်ယူတင်သွင်းဖြန့်ချိပြီး ငွေကြေးအသင့်အတင့် တတ်နိုင်တဲ့သူတွေ(ကာကွယ်ဆေးက ထိုးထားချင်တယ်၊ သို့သော် ဦးစားပေးအုပ်စုထဲမှာ မပါသေးဘူး။ စောင့်နေရမှာစိုးတဲ့အတွက် လောလောဆယ် ကာကွယ်ဆေးထိုးထားချင်တယ်၊ ကာကွယ်ချင်တယ်ဆိုရင်) ပုဂ္ဂလိကကဏ္ဍက တင်သွင်းဖြန့်ချိတဲ့ ကာကွယ်ဆေးတွေကို ထိုးနှံဖို့အတွက် မတ်လထဲက ပုဂ္ဂလိကကဏ္ဍ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ဖို့ ကာကွယ်ဆေးတွေကို တင်သွင်းဖြန့်ချိခွင့်ပြုဖို့ ကိစ္စတွေကိုလည်း ခွင့်ပြုထားပြီး ဖြစ်ပါတယ်။** တချို့ကုမ္ပဏီတွေလည်း ခွင့်ပြုချက်ရရှိပြီး ကာကွယ်ဆေးတွေထိုးနှံဖို့အတွက် Pre Order မှာတဲ့ကိစ္စတွေကိုလည်း ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။

ဒ့ါအပြင် အခုကျွန်မတို့ ဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေ၊ ပုဂ္ဂလိကကဏ္ဍတွေအပြင် Covax Facility ကလည်း ကာကွယ်ဆေးတွေရရှိဖို့အတွက် ဆောင်ရွက်နေပါတယ်။ Covax Facility ဆိုတာက WHO ကနေ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အားလုံးတန်းတူညီတူရရှိဖို့ ဆောင်ရွက်ထားတဲ့အဖွဲ့ ဖြစ်ပါတယ်။ Covax Facility ကနေ Global Alliance for Vaccine နဲ့ ပူးပေါင်းပြီး ကာကွယ်ဆေးတွေရရှိဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အခုဆိုရင် ကမ္ဘာ့နိုင်ငံ ၁၉၀ ကို ကာကွယ်ဆေးတွေ ပေးပို့ဖို့ရှိပါတယ်။ လက်ရှိအနေအထားအရ ၁၃၄ နိုင်ငံကို ပေးပို့ထားပြီးဖြစ်ပါတယ်။ ဇူလိုင် ၂ ရက်မှာ Covax Facility အဖွဲ့အစည်းရဲ့ ထုတ်ပြန်ချက်အရ ပြောရခြင်းဖြစ်ပါတယ်။ ၁၃၄ နိုင်ငံကို ကာကွယ်ရေး ၉၅ သန်း ဖြန့်ဖြူးထားပြီး ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံလည်း မကြာမီအချိန်အတောအတွင်းမှာ Covax Facility ကနေ ကာကွယ်ဆေးတွေ ရောက်ရှိနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဇူလိုင်လ ၇ ရက် မီဒီယာတွေ့ဆုံပွဲမှာ ပြောကြားသွားတာရှိပါတယ်။ လက်ရှိအနေအထားအရ စက်တင်ဘာလအကုန်မှာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးရဲ့ လူဦးရေ ၁၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် အရေးကြီးပါတယ်။ ၂၀၂၁ ခုနှစ် နှစ်ကုန်မှာဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေရဲ့ လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်း ကာကွယ်ဆေး ထိုးပြီးဖို့ လိုအပ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်လယ်မှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးထားခြင်းဖြင့် ကျွန်မတို့သည် ကိုဗစ်-၁၉ ကို ကြောက်စရာမလိုဘဲ ပုံမှန်အတိုင်း လည်ပတ်နိုင်တဲ့ အခြေအနေမျိုးကို ရောက်ရှိဖို့ လိုအပ်ပါတယ်လို့ ပြောထားတာရှိပါတယ်။

အခု ဒီလပိုင်း၊ ဒီတစ်ပတ်အတွင်းမှာ ကိုဗစ်-၁၉ ရောဂါတွေ ဖြစ်ပွားမှုတွေက တိုးတက်နေပါတယ်။ ဘာကြောင့်လဲဆိုတာနဲ့ ပတ်သက်ပြီး WHO က တွေ့ရှိချက်(၄)ချက်ကို ထုတ်ပြန်ထားပါတယ်။ နံပါတ်(၁)က Variants တွေဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေတဲ့ SARS-CoV-2 ဗိုင်းရပ်စ်က မျိုးကွဲတွေ ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ကမ္ဘာပေါ်မှာ ရောဂါကူးစက်မှုတွေက ပြန်ပြီးမြင့်တက်လာခြင်းဖြစ်သလို အချို့နေရာတွေမှာဆိုရင် အတော့်ကို အရှိန်အဟုန်နဲ့ ရောဂါဖြစ်ပွားမှုတွေ၊ သေဆုံးမှုတွေ များလာရခြင်းဖြစ်ပါတယ်။ Variants က အခုရောဂါဖြစ်ပွားမှုမြင့်တက်နေရခြင်းရဲ့ ပထမဦးဆုံးအရင်းခံ အကြောင်းရင်းဖြစ်ပါတယ်။

နံပါတ်(၂)အချက်က အခုဆိုရင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားတာ တစ်နှစ်ခွဲလောက်ရှိပါပြီ။ လူတွေက ငြီးငွေ့လာကြပြီ။ ဒါနဲ့ပတ်သက်ရင် လူတွေက လွတ်လွတ်လပ်လပ် မနေရဘူး။ စိတ်သောကနဲ့ နေရတဲ့အခါ လူတွေက အပြင်ထွက်လာချင်တယ်။ တစ်ယောက်နဲ့တစ်ယောက်က ထိတွေ့မှုတွေ များလာတယ်။ အဲဒီအခါ လူတစ်ယောက်က ပိုးရှိရင် သူနဲ့ထိတွေ့တဲ့ Contact Person က များလာပါတယ်။ ဒီ Contact Person က သူတို့ရဲ့ မိသားစုဝင်တွေနဲ့ ထပ်ပြီးထိတွေ့မှုတွေဖြစ်ပြီး ကူးစက်မှုတွေက များလာရခြင်းဖြစ်ပါတယ်။ ဒါကြောင့် လူမှုရေးအရ ထိတွေ့မှုတွေ များလာတာကလည်း အခု ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုရဲ့ ဒုတိယလက်သည်ဖြစ်ပါတယ်။

### ကာကွယ်ဆေးထိုးနှံဖို့ပျက်ကွက်

တတိယလက်သည်က လူတွေကကြာလာတော့ ကိုဗစ်-၁၉ ကို ယဉ်ပါးသလိုဖြစ်လာပြီး သူ့ရဲ့ ဘေးဥပဒ်ဖြစ်နိုင်မှု၊ အန္တရာယ်ပေးနိုင်မှုကို လျှော့တွက်လာကြပါတယ်။ ကိုဗစ်-၁၉ ရဲ့ စည်းကမ်းချက်တွေဖြစ်တဲ့ ပါးစပ်နဲ့နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုတွေကို ရှောင်တာ၊ ချောင်းဆိုး၊ နှာချေရင် အုပ်ပြီးချောင်းဆိုး၊ နှာချေ လုပ်ရမယ်ဆိုတာတွေကို မလိုက်နာတာ၊ လေကောင်းလေသန့် ရတဲ့နေရာတွေမှာမနေဘဲ အခန်းကျဉ်းတွေ၊ အလုံပိတ်တဲ့နေရာမှာ စုဝေးကြတာ၊ ကာကွယ်ဆေးထိုးဖို့အတွက် အခွင့်အရေးရပေမယ့် အချို့ဆိုရင် အယူအဆမှားတွေ၊ အတွေးအခေါ်မှားတွေ၊ သတင်းအမှားတွေကြောင့် ကာကွယ်ဆေးထိုးနှံဖို့ ပျက်ကွက်တာတွေ ရှိပါတယ်။ အဲဒီအခါ ကိုဗစ်-၁၉ စည်းကမ်းချက်တွေကို လိုက်နာဖို့ပျက်ကွက်တဲ့အခါ ရောဂါဖြစ်ပွားမှုတွေက မြင့်တက်လာတာရှိပါတယ်။ ဒါကတတိယအချက်ဖြစ်ပါတယ်။

စတုတ္ထအချက်နဲ့ အရေးအကြီးဆုံးက ကာကွယ်ဆေးရရှိမှုမညီမျှမှုပဲ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ချမ်းသာတဲ့နိုင်ငံတွေက သူ့နိုင်ငံလူဦးရေရဲ့ နှစ်ဆလောက်ပိုလျှံအောင် ကာကွယ်ဆေးတွေ ဝယ်ယူထားနိုင်တဲ့ အခြေအနေမှာ ဖွံ့ဖြိုးဖို့လိုအပ်တဲ့၊ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ တိုင်းပြည်တွေက ကာကွယ်ဆေးရရှိမှုမှာ အခက်အခဲရှိပါတယ်။ ကာကွယ်ဆေးရဲ့ ထုတ်လုပ်နိုင်စွမ်းနဲ့ ကာကွယ်ဆေးရဲ့ လိုအပ်ချက်၊ ဝယ်လိုအားက မမျှတပါဘူး။ ထုတ်နိုင်စွမ်းက နည်းပါတယ်။

အဲဒီအခါ ချမ်းသာတဲ့နိုင်ငံတွေက အလုအယက်နဲ့ ကာကွယ်ဆေးကို လိုတာထက်ပိုပြီး အမျိုးအစားအများကြီးဝယ်ယူထားတဲ့အချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးဖို့လိုအပ်တဲ့ နိုင်ငံတွေက ကာကွယ်ဆေးရဖို့မှာ အတားအဆီးဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ဖွံ့ဖြိုးမှုလိုအပ်တဲ့ နိုင်ငံတွေမှာ တစ်ရာခိုင်နှုန်းတောင် ကာကွယ်ဆေးရရှိနိုင်မှု မရှိပါဘူး။ တစ်ရာခိုင်နှုန်းဆိုတာ ကာကွယ်ဆေးတစ်ကြိမ်ကို ပြောခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးအပြည့်အဝကို ပြောခြင်းမဟုတ်ပါဘူး။

ဒီလောက်တောင်မှ ရရှိမှုအားနည်းနေတဲ့အချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးမှုလိုအပ်တဲ့ နိုင်ငံတွေမှာ ကိုဗစ်-၁၉ ကြောင့် ရောဂါဖြစ်ပွားမှု၊ ဒီလိုဖြစ်ပွားတဲ့အခါမှာ အသက်ကြီးတဲ့သူတွေ၊ ရောဂါနောက်ခံရှိတဲ့သူတွေမှာ ရောဂါပိုးကူးစက်ခံရပြီဆိုရင် သေဆုံးမှုကပါ နောက်ကတစ်ပါတည်း လိုက်ပါတယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါဆိုရင် ကာကွယ်ဆေးဟာ ဘယ်လောက်အထိ အရေးပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေကို လိုက်နာဖို့ဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာကို သတိပြုမိမယ်ထင်ပါတယ်။

ကျွန်မတို့ **နိုင်ငံအနေနဲ့လည်း ရှိတဲ့စွမ်းပကားနဲ့ ကိုယ့်ပြည်သူပြည်သားတွေကို ကာကွယ်ဆေးတွေ အလျင်အမြန်ရရှိနိုင်ဖို့၊ စိတ်ချရတဲ့ အရည်အသွေးမြင့်တဲ့ ကာကွယ်ဆေးတွေကို ထိုးနှံပေးနိုင်ဖို့အတွက် အဘက်ဘက်က ကြိုးစားလုပ်ဆောင်နေတဲ့အတွက် ကာကွယ်ဆေးတွေ မကြာမီရရှိလာရင် ထိုးနှံဖို့အခွင့်အရေးရရှိမယ်ဆိုရင် အမြန်ဆုံးထိုးနှံဖို့ လိုအပ်ပါတယ်။** စောင့်ရတဲ့လူတွေအနေနဲ့လည်း စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပြီး ကာကွယ်ဆေးရဲ့ အာနိသင်ကိုလည်း မကြာမီရရှိမယ်၊ ကာကွယ်ဆေးမရခင်ကာလမှာလည်း ကိုဗစ်-၁၉ စည်းကမ်းချက်တွေကိုလိုက်နာမယ်ဆိုရင် ကိုဗစ်-၁၉ ကြောင့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုကနေ အများကြီး ကာကွယ်နိုင်မယ်ဆိုတာကို ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

## ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



**ရေတာရှည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှနယ်မြေရဲစခန်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသော ရဲတပ်ဖွဲ့ဝင်အချို့နှင့် မိသားစုဝင်များ အသွားအလာကန့်သတ်မှုများ ဆောင်ရွက်ထားသဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် တာဝန်ရှိသူများက ယမန်နေ့ညနေ ၄ နာရီက ရဲစခန်းပြင်ပ၌ ကြက်ဥအလုံး ၂၀၀၊ မားမားခေါက်ဆွဲခြောက် သုံးသေတ္တာ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၊ လက်သန့် ဆေးရည်ဘူးကြီး သုံးဘူး၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၅၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့လှနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်မိုးကျော်စိုးက လက်ခံရယူသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် အထူးဂရုပြုဆောင်ရွက်ကြရန် ဥက္ကဋ္ဌ ဦးဥက္ကာသန်းက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၄၄၀ ရှိလာ



**ကွာလာလမ်ပူ ဇူလိုင် ၂၁**
မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၇၄၄၀ ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၉၈၅ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း၊ ယင်းကူးစက်ခံရသူများအနက်မှ ၁၁၉၇၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ခုနစ်ဦးသည် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟစ်ရှမ်အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၅၁၈၈၄ ဦးအထိ ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟစ်ရှမ်အဗ္ဗဒူလာက ပြောကြားသည်။

မလေးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၁ ရက်တွင် လူဦးရေ ၂၉၉၅၉၃ ဦးအား ထိုးနှံပေးနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးသူ ၁၅ သန်းခန့် ရှိသွားပြီဖြစ်ကြောင်းနှင့် လူဦးရေ ၄ ဒသမ ၈ သန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးဖြစ်သည့် Sinovac နှင့် Sinopharm တို့အပြင် CanSino Biologics မှ ထုတ်လုပ်သည့် တစ်ကြိမ်ထိုး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကိုလည်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အသုံးပြုရန် အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁ ဒသမ ၅ သန်းကျော်ရှိလာ

**မနီလာ ဇူလိုင် ၂၁**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၆၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၂၄၄၄၉ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၆၈၇၄ ဦးရှိလာသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ကျန်းမာရေးဝန်ထမ်းတစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသည့် ကျန်းမာရေးဝန်ထမ်းပေါင်း ၁၀၁ ဦးရှိပြီဖြစ်သည်။ ဇူလိုင် ၁၉ ရက်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်းပေါင်း ၂၁၂၄၅ ဦးရှိကြောင်း သိရသည်။

**စစ်ဆေးမှုများပြုလုပ်**

လူဦးရေ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၃၈၃ ဦး ထပ်မံသေဆုံး

**ဂျကာတာ ဇူလိုင် ၂၁**
အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၇၂ ဦး ရှိလာသောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၉၈၃၈၃၀ ရှိလာပြီး တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၃၈၃ ဦး ရှိသောကြောင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၇၇၅၈၃ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၂၃၅၆၅၅၃ ဦး ရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့လျက်ရှိပြီး အချို့ဒေသများတွင် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်းလက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၂၅ ဦး သေဆုံး

**ပေကျင်း ဇူလိုင် ၂၁**
တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၅ ဦးသေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ပြောကြားသည်။

ကျေးလက်၊ မြို့နယ်နှင့် ခရိုင်စုစုပေါင်း ၈၉ ခု တို့မှ လူဦးရေ ၁ ဒသမ ၂၄ သန်းကျော်သည် ဇူလိုင် ၁၆ ရက် နောက်ပိုင်းမှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ခံခဲ့ရကြောင်းနှင့် လူဦးရေ ၁၆၄၇၁၀ ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဟီနန်ပြည်နယ် ရေကြီးမှုနှင့် မိုးခေါင်မှု ကယ်ဆယ်ရေးဌာနချုပ်မှ ညွှန်ကြားရေးမှူး ဆူရှောင်က ပြောကြားသည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် ကောက်ပဲသီးနှံ ဟက်တာပေါင်း ၇၅၀၀၀ ပျက်စီးခဲ့ကြောင်းနှင့် တိုက်ရိုက်စီးပွားရေးဆုံးရှုံးမှု ယွမ် ၅၄၂ ဒသမ ၃ သန်းခန့် (အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၈ သန်း) ရှိကြောင်း သိရသည်။

လက်ရှိတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်းနှင့် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၃ နာရီအထိ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ဗဟိုစစ်ဌာနချုပ်က တပ်ဖွဲ့ဝင် ၅၇၀၀ ကျော် စေလွှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘောဒီးယားသို့ ပြည်ပခရီးသည်လာရောက်မှု ပထမငါးလတာကာလအတွင်း ၉၂ ရာခိုင်နှုန်းအထိ ကျဆင်း

**ဖနောင်ပင် ဇူလိုင် ၂၁**

ကမ္ဘောဒီးယားနိုင်ငံသို့ ပြည်ပခရီးသည်လာရောက်မှု အရေအတွက်သည် ပြီးခဲ့သည့်နှစ်ပထမငါးလတာ ကာလအတွင်းက ၁ ဒသမ ၁၇ သန်းအထိ ရှိခဲ့ရာမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ် ပထမငါးလတာ ကာလတွင်မူ ၉၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားဝန်ကြီးဌာနက ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်သည့်ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ပြည်ပခရီးသွားအများဆုံး လာရောက်သည့်နိုင်ငံများဖြစ်ကြောင်း ကမ္ဘောဒီးယားခရီးသွားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်က ဖော်ပြထားသည်။

ကမ္ဘောဒီးယား ခရီးသွားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယခုနှစ် ပထမငါးလတာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ထိုင်းခရီးသည် ၄၆၃၉၅ ဦး၊ တရုတ်ခရီးသည် ၂၇၆၉၃ ဦးနှင့် ဗီယက်နမ်ခရီးသည် ၅၈၃၃ ဦး အသီးသီးလာရောက်ကြောင်း ဖော်ပြထားပြီး ပြီးခဲ့သည့်နှစ် အလားတူကာလအတွင်း အဆိုပါ သုံးနိုင်ငံမှ ခရီးသည်လာရောက်မှုနှင့် နှိုင်းယှဉ်ပါက ထိုင်းခရီးသည် ၇၀ ရာခိုင်နှုန်း၊ တရုတ်ခရီးသည် ၉၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်ခရီးသည် ၉၇ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ယခုနှစ်မေလအတွင်းက ကမ္ဘောဒီးယားနိုင်ငံသို့ ပြည်ပခရီးသည် ၈၇၅၇ ဦး လာရောက်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပြီးခဲ့သည့်နှစ်မတ်လကတည်းက ပြည်ပနိုင်ငံသားအားလုံးအား ခရီးသွားဗီဇာများ ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်





## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျှော့ချရန် အများပြည်သူဆိုင်ရာ အပန်းဖြေနေရာများ ခေတ္တပိတ်ထားမည်

**ဗန်ကောက် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်နှင့် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားသော ပြည်နယ် ၁၂ ခုရှိ အလှပြင်ဆိုင်များ၊ ပန်းခြံများ၊ ပြခန်းများနှင့် ရေကူးကန်များကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်ရန် ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့မှ အေပီဆာမိုင်းဆရီရန်ဆန်က ယနေ့ ပြောကြားသည်။

သို့ရာတွင် အဆိုပါနေရာများကို စတင်ပိတ်မည့်နေ့ရက်ကို မသတ်မှတ်ရသေးကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများ ဆိုးရွားစွာမြင့်တက်လျက်ရှိပြီး နေ့စဉ် ရောဂါကူးစက်မှုနှုန်းမှာလည်း စံချိန်တင်မြင့်တက်နေသောကြောင့် အထက်ပါဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၌ လက်ရှိအချိန်တွင် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်သည် အယ်လ်ဖာဗီဇပြောင်းဗိုင်းရပ်စ်ထက် ကူးစက်ပျံ့နှံ့မှုပိုမိုများပြားနေကြောင်း ဆေးသိပ္ပံပညာဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူဦးရေ ၁၃၀၀၂ ဦး တွေ့ရှိခဲ့ရသောကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၉၄၇၇ ဦးရှိလာခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၆၁၀ ရှိကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် လာမည့်လတွင် ဗန်ကောက်မြို့ရှိ လေဆိပ်နှစ်ခု၌ ကိုဗစ်-၁၉ ရောဂါကုသရေးဆေးရုံများအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ ထရိုင်ဆူလီ ထရိုင်ဆရာနာကောက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါဖွင့်လှစ်သွားရန်ရှိသည့် ကိုဗစ်-၁၉ ရောဂါကုသရေးဆေးရုံများအနက် သုဝဏ္ဏဘူမိလေဆိပ်ရှိ ဆေးရုံအား ခုတင်အလုံးရေ ၅၀၀၀ ဆံ့ ဆေးရုံအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဒွန်မောင်းလေဆိပ်ရှိဆေးရုံအား ခုတင် ၂၀၀၀ ဆံ့ဆေးရုံအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၉၂၄၀၅၂၅၉ ဦး |
| သေဆုံးသူ | ၄၁၃၆၉၂၈ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၇၅၀၆၉၃၇၁ ဦး |

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၇၀၄ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဇူလိုင် ၂၁**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၇၀၄ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၀၃၀၂၄၀ ရှိလာကြောင်း ရုရှားနိုင်ငံ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၈၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၀၇၀၅ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၂၅၈၄ ဦး ရောဂါမှ ပြန်လည် သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၄၀၄၇၉၇ ဦးရှိလာသည်။

လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း၌ ပြည်သူ ၁၅၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှုများ လုပ်ဆောင်ပြီးဖြစ်သည်။ ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၀၁၅ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၂၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၀၁၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၁၂၁၆၃၃၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၉၉၈ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၁၈၄၈၀ ရှိလာပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၄၀၇၁၇၀ ရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်လူနာ ၃၆၉၇၇ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၀၃၉၀၆၈၇ ဦးရှိလာပြီဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းလျှင် ၂၅၉ ဦးခန့် သေဆုံးနေ

**ရီးယိုဒီဂျနေးရိုး ဇူလိုင် ၂၁**

ဘရာဇီးနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းလျှင် ၂၅၉ ဦးခန့် သေဆုံးနေရကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၂၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၄၄၁၈၀ ရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်နိုင်ငံပြီးလျှင် သေဆုံးမှု ဒုတိယအများဆုံး နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။



ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၉၅၂ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၉၄၁၉၄၃၇ ဦးရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၁၂၄ ဒသမ ၃ သန်းခန့်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၄ ဒသမ ၃ သန်းကျော်ရှိကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်း အဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် တစ်စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၄၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၆၇၁ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ID တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Plastic Magaphone (600 U)အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၁။ ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် ကိုယ်ဝန်ဆောင်မိခင်များတွင် အောက်ပါအခြေအနေများကို ဖြစ်ပွားစေနိုင်ပါသည်။

-ကိုယ်ဝန်ပျက်ခြင်း

-ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သောကလေး မွေးဖွားခြင်း

-မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့်ကလေးမွေးဖွားခြင်း

-မွေးစကလေး ရုတ်တရက် သေဆုံးခြင်းများ

သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ရောဂါဖြစ်ပွားစေသဖြင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂။ ဆေးလိပ်၊ ကွမ်းယာ ရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် အောက်ပါရောဂါများကို ဖြစ်ပွားစေပါသည်။

-ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး

-နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း

-အဆုတ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ

-ခြေပုပ်လက်ပုပ်ရောဂါ

-ပန်းသေ ပန်းညှိုးရောဂါ

အဆိုပါရောဂါများသည် ကိုယ်တိုင်ဆေးလိပ်သောက်သူသာမက သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရသူများကိုလည်း အလားတူ ဖြစ်ပွားစေသဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



ကွမ်းထဲတွင်

ဆေးထည့်စားခြင်း၊

ဆေးရွက်ကြီး

ငုံခြင်းနှင့်

ဆေးလိပ်သောက်

ခြင်းတို့ကြောင့်

လူတို့၏

အသက်ကို

သေစေနိုင်သည်အထိ

အန္တရာယ်ရှိပါသည်။



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၇-၂၀၂၂ ကြာသပတေးနေ့

**MRTV**

၀၆:၁၀ ဓမ္မဒေသနာတော်နာကြားခြင်း [illegible]

၀၇:၀၀ နံနက်ခင်းသတင်း

၀၇:၃၅ [illegible]

၀၉:၄၀ [illegible]

၁၀:၀၀ သတင်းထူးသတင်း

၁၁:၄၀ မြန်မာ့ရိုးရာ [illegible]

၁၃:၃၀ MRTV National News

၁၅:၀၀ Grade-10 [illegible]

၁၆:၃၅ [illegible]

၁၇:၀၅ Soccer View

၁၇:၃၅ [illegible]

၁၈:၀၀ ပြည်တွင်းသတင်း

၁၈:၃၀ [illegible]

၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ (အပိုင်း-၂၀)

၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀:၄၅ [illegible]

၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ (အပိုင်း-၁၀)

**mitv**

07:01 News

07:27 Discovering Tribes: "Myaung Zee (or) Hmong: their life and customs"

08:01 Myanmar's Traditions and Culture "Myanmar Pottery"

08:24 Ashin Thitzana or Martyr of Buddha's Sasana

08:37 Egg Shell

08:46 Elegant and Exquisite Myanmar Cotton Fabrics

09:01 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone

09:17 Five Tooth Relic Enshrined Pagodas

09:31 Inlay Traditional Lotus Fabric

09:43 The Beauty In The North Of Myanmar

11:01 Next Generation "Skater"

11:27 Buddha - Dhita (Buddhist Nuns)

11:53 Tea

**MRTV NRC**

[illegible]

**MRTV Entertainment**

၀၇:၀၀ [illegible]

၁၀:၀၀ [illegible]

၁၀:၃၀ [illegible]

၁၁:၀၀ [illegible]

၁၁:၃၀ [illegible]

**MRTV Sports**

၀၆:၀၀ [illegible]

၀၆:၃၀ [illegible]

၀၇:၀၀ Sports News

၀၇:၃၀ Soccer View/ Weekly Sports Info

၀၈:၄၅ [illegible]

၀၉:၀၀ [illegible]

၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel [illegible] Education Channel [illegible]

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews






# COVID-19
## ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။



**#LETSBEATCOVIDTOGETHER**

COVID-19ကပ်ရောဂါကူးစက်မခံရစေဖို့ "လူစုလူဝေး" ကိုရှောင်ရှားဖို့လိုအပ်ပါတယ်။ COVID-19ပိုးရှင်စိုင်ကောမျိုးဗီဇပြောင်းလဲသွားပြီဖြစ်သလိုရောဂါကူးစက်နိုင်စွမ်းလည်းမြင့်တက်သွားပြီဖြစ်ပါတယ်။(Source from MOHS) ရောဂါကူးစက်ခံရသူတစ်ဦးဟာ နှာချေ၊ချောင်းဆိုးလိုက်တိုင်း ပိုးရှင်စိုင်ကို ထွက်ထုတ်ပါတယ်။ ဒါကြောင့် လူစုလူဝေးရှိတဲ့နေရာတွေမှာ ရောဂါကူးစက်ခံရနိုင်ခြေမြင့်မားပါတယ်။ တတ်နိုင်သမျှ အိမ်ထဲမှာနေပြီး သင်ကိုယ်တိုင်ကိုရော၊ အခြားလူတွေကိုရော COVID-19ကပ်ရောဂါကူးစက်မှုကနေ ကာကွယ်ပါ။

### မိမိကရောဂါပိုးဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်



**ကိုဗစ်ကို အတူတိုက်ထုတ်ကြစို့**

LET'S BEAT COVID TOGETHER

မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခမ်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။

### အသက်ရှူရခက်ခဲလာလျှင်စစ်ဆေးပါ



**ကိုဗစ်ကို အတူတိုက်ထုတ်ကြစို့**

LET'S BEAT COVID TOGETHER

တကယ်လို့ ဖျားနာခြင်း ၊ ချောင်းဆိုးခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသော ရောဂါ လက္ခဏာတွေရှိခဲ့ရလျှင် ချက်ချင်း ဆေးစစ် ကုသမှု ခံယူပါ။

### အပြင်ထွက်တိုင်း Mask တပ်ပါ



**ကိုဗစ်ကို အတူတိုက်ထုတ်ကြစို့**

LET'S BEAT COVID TOGETHER

မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# အဓိကတော့ တွေ့ဆုံခဲ့တဲ့သူက Positive ဖြစ်သွားပြီး ကိုယ်လည်းသံသယရှိတယ်ဆိုရင် မိမိနေအိမ်မှာ ၁၀ ရက်လောက်ခွဲနေပြီး ကျန်းမာရေးကိုဂရုစိုက်ပြီးတော့ သီးခြားနေထိုင်သင့်ပါတယ်

**ဒေါက်တာအောင်နိုင်စိုး**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ရမ်းဗြဲမြို့နယ် ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးမှူး ဒေါက်တာအောင်နိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားပါသည်-**

မေး ။ ။ ပြည်သူတွေအနေနဲ့ ကိုဗစ်ရောဂါလက္ခဏာတွေရှိလာရင် ဘယ်လိုဆက်သွယ်ဆောင်ရွက်ရမလဲ။

ဖြေ ။ ။ ပြည်သူတွေအနေနဲ့ အနံ့မရ၊ ဖျားနာခြင်းတို့ဖြစ်လာရင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေ၊ ကျန်းမာရေးဆရာမတွေကို ဖုန်းနံပါတ်တွေပေးထားပါတယ်။ သူတို့ကတစ်ဆင့် ဆက်သွယ်ပြီး မြို့နယ်ဆေးရုံရှေ့မှာ ဝင်ဝင်ချင်းပဲ ဖျားနာအနံ့မရရင် ပြသရန်နေရာဆိုပြီး သတ်မှတ်ပေးထားပါတယ်။ ရုံးချိန်အတွင်းမှာဆိုရင် ပြင်ပလူနာကြည့်သလို လာရောက်ပြသနိုင်ပါတယ်။ အရေးပေါ်ဖြစ်လာရင် ပေးထားတဲ့ဖုန်းနံပါတ်တွေကို ဆက်သွယ်ပြီး လာရောက်ပြသနိုင်ပါတယ်။

မေး။ ။ ကိုဗစ် – ၁၉ ရောဂါ သံသယလူနာတွေကို ရောဂါပိုးရှိ/မရှိ ဘယ်လိုစစ်ဆေးပေးနေပါသလဲ။

ဖြေ ။ ။အနံ့မရ၊ ဖျားနာပြီး ရောက်ရှိလာသူတွေကို ကျန်းမာရေးဌာနမှ ကျွမ်းကျင်ဓာတ်ခွဲမှူးတွေက စစ်ဆေးပြီး နှာခေါင်းတို့ဖတ်ယူပြီး ချက်ချင်းအဖြေထုတ်ပေးလျက်ရှိပါတယ်။

မေး။ ။ ကိုဗစ်ရောဂါပိုး တွေ့ရှိပြီဆိုရင် ဘယ်လိုဆောင်ရွက်ပေးပါသလဲ။

ဖြေ ။ ။ ပထမအနေနဲ့ကတော့ Positive ဖြစ်တယ်၊ ပိုးတွေ့တယ်ဆိုရင် ကုသရေးဆေးရုံကို တစ်ခါတည်း တက်ရောက်စေပြီး ကုသပေးလျက်ရှိပါတယ်။

မေး။ ။ ပိုးတွေ့လူနာတွေအတွက် ကျန်းမာရေးဌာနက ဆောင်ရွက်ပေးနေမှုအခြေအနေကို သိချင်ပါတယ်။

ဖြေ။ ။ ရမ်းဗြဲမြို့မှာ ဆေးရုံနှစ်ရုံရှိနေပြီး ဆေးရုံသစ်မှာပဲ ကိုဗစ်လူနာတွေအတွက် သီးသန့်ဆရာမတွေထားပြီးတော့ ကိုဗစ်ရောဂါ ကုသရေးဆေးရုံအဖြစ် သီးသန့်လုပ်ထားပါတယ်။ မြို့ပေါ်က ပရဟိတအဖွဲ့တွေနဲ့ပူးပေါင်းပြီး အောက်ဆီဂျင်လိုအပ်ချက်တွေကို ဖြည့်ဆည်းထားပါတယ်။ အောက်ဆီဂျင်ကိုတော့ ကျောက်ဖြူမှာသွားရောက်ပြီး ဖြည့်ဆည်းထားပါတယ်။

မေး။ ။ Quarantine ထားရှိမှုအခြေအနေကို ဘယ်လိုလျာထားပါသလဲ။

ဖြေ။ ။ မြို့ပေါ်က Quarantine Center ကို အမျိုးသားဆောင်၊ အမျိုးသမီးဆောင်ဆိုပြီး ဖွင့်လှစ်ထားပါတယ်။ အမျိုးသမီးတွေအတွက်ကို မိုးလုံလေလုံအားကစားခန်းမမှာ ပြင်ဆင်ထားပြီး အမျိုးသားတွေအတွက်ကို မင်းတရားဖူးဘုရား ဓမ္မာရုံမှာ ပြင်ဆင်ထားပါတယ်။

မေး။ ။ ရောဂါပိုးထိတွေ့သူနဲ့ Contact ဖြစ်သူတွေအနေနဲ့ ဘယ်လိုနေထိုင်သင့်ပါသလဲ။

ဖြေ။ ။ အဓိကတော့ တွေ့ဆုံခဲ့တဲ့သူက Positive ဖြစ်သွားပြီး ကိုယ်လည်းသံသယရှိတယ်ဆိုရင်တော့ မိမိနေအိမ်မှာ ၁၀ ရက်လောက်ခွဲနေပြီး ကျန်းမာရေးကို ဂရုစိုက်ပြီးတော့ သီးခြားနေထိုင်သင့်ပါတယ်။

မေး။ ။ ဘယ်လိုရောဂါလက္ခဏာမျိုးပြသရင် စိုးရိမ်ရတဲ့အခြေအနေခေါ်ပါသလဲ။

ဖြေ။ ။ ဖျားနာပြီးတော့အသက်ရှူမွန်းကျပ်တယ်၊ အောက်ဆီဂျင် စမ်းသပ်စက်ငယ် ထားနိုင်ရင် တိုင်းပြီးအောက်ဆီဂျင်ကျလာမယ်၊ ဒါမျိုးတွေဖြစ်လာရင်တော့ ကျန်းမာရေးဌာနကို ဆက်သွယ်ပြီး အကူအညီတောင်းခံပြီး ကုသပေးလျက်ရှိပါတယ်။

မေး။ ။လူနာတွေအတွက် အောက်ဆီဂျင်လိုအပ်ချက်တွေကို ဘယ်လိုစီစဉ်ထားပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့မှာ အောက်ဆီဂျင်ကတော့ နှစ်မျိုးပေးပါတယ်။ ခုလောလောဆယ် ဆေးရုံနှစ်ရုံခွဲပြီး သုံးနေရပါတယ်။ အောက်ဆီဂျင် ဖြည့်တင်းမှုကတော့ ကျောက်ဖြူ အောက်ဆီဂျင်စက်မှ ဖြည့်တင်းပေးပါတယ်။

မေး။ ။ ကိုဗစ်ဖြစ်လာရင် ဘယ်လိုစားသောက်နေထိုင်သင့်ပါသလဲ။

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါဖြစ်လာခဲ့ရင် မိမိတို့ရဲ့ ကျန်းမာရေးကို အရင်ကထက် နှစ်ဆပိုပြီးဂရုစိုက်ဖို့လိုပါတယ်။ အစားအသောက်ကိုလည်း ဂရုစိုက်ဖို့လိုပါတယ်။ အိပ်ရေးဝဝအိပ်ဖို့လိုပါတယ်။ သင့်တော်တဲ့ ကိုယ်ကာယလေ့ကျင့်ခန်းမျိုးလည်း ပုံမှန်လုပ်ဖို့လိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ကိုဗစ်စင်တာဆိုရင်ပိုပြီး အဆင်ပြေမယ်လို့ ကျွန်တော်တို့ယူဆထားပါတယ်။



ရမ်းဗြဲမြို့နယ်ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးမှူး ဒေါက်တာအောင်နိုင်စိုးနှင့် တွေ့ဆုံမေးမြန်းစဉ်။

ဆေးရုံကို ကွင်းပြင်ကြီးထဲမှာ ဆောက်ထားတော့ လေကောင်းလေသန့်ရရှိတယ်။ လေကောင်းလေသန့်ရှူပြီး အသက်ရှူလေ့ကျင့်ခန်းလုပ်ပေးဖို့ လိုမယ်လို့လည်း ထင်ပါတယ်။

မေး။ ။ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိအောင် အသိပညာပေးလုပ်ငန်းကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ကျန်းမာရေး အသိပညာပေးအနေနဲ့ မြို့ပေါ်ရပ်ကွက်တွေကို နေ့စဉ်ကားနဲ့လှည့်လည်ပြီးတော့ တစ်နေ့သုံးကြိမ် ကြေညာပေးတယ်။ လမ်းတွေမှာလည်း ပိုစတာတွေ၊ ဗီနိုင်းတွေ ကပ်ထားပေးပြီး အသိပညာတိုးတက်ဖို့အတွက် ဖြန့်ဝေပေးလျက်ရှိပါတယ်။ အထူးသဖြင့် နှာခေါင်းစည်းကို လူအဝင်အထွက်များတဲ့နေရာတွေ၊ ဈေးလိုနေရာမျိုးတွေမှာအခမဲ့ဖြန့်ဝေပေးလျက်ရှိနေပါတယ်။

မေး။ ။ယနေ့ထိပိုးတွေ့လူနာဦးရေ၊ဆေးရုံတက်ရောက်/ ဆင်း လူနာဦးရေ၊ ပြန်လည်ကျန်းမာလာမှုအခြေအနေများကို သိချင်ပါတယ်။

ဖြေ။ ။ ၁၅ – ၇ –၂၀၂၁ ရက်ကအထိ လက်ရှိအချိန်ထိ လူနာ ၂၁ ဦးရှိခဲ့တယ်။ ဆေးရုံဆင်းသွားတာသုံးဦးရှိတယ်။ ကျန်ရှိနေတဲ့ ၁၈ ယောက်က ကျန်းမာလျက်ရှိနေပါတယ်။ အဲဒီအထဲမှာ အောက်ဆီဂျင်ပေးနေရတာက အသက်(၇၀) သက်ကြီးတစ်ဦးရှိပါတယ်။ ကျန်တဲ့လူနာတွေကတော့ အောက်ဆီဂျင်ပေးစရာမလိုပါဘူး။

မေး။ ။ ကာကွယ်ဆေးထိုးဖို့ ကျန်နေသူတွေထိုးနှံပေးသွားဖို့ စီစဉ်ထားမှုအခြေအနေတွေကို သိချင်ပါတယ်။

ဖြေ။ ။ ကာကွယ်ဆေးထိုးဖို့ ကျန်ရှိနေသူတွေအတွက်ကိုလည်း ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ပထမအကြိမ် ဘယ်နှဦးထိုးနိုင်တယ်။ ဒုတိယအကြိမ်က ဘယ်နှဦးထိုးခဲ့တယ် တွက်ချက်ထားပြီးဖြစ်ပါတယ်။ ရရှိလာတဲ့ ဆေးအပေါ်မှာ မူတည်ပြီးတော့ ခွဲတမ်းရရင် ဦးစားပေးစနစ်နဲ့ ထိုးသင့်ထိုးထိုက်တဲ့သူတွေကို ထိုးပေးသွားမှာဖြစ်ပါတယ်။

မေး။ ။ အခြားဖြည့်စွက် ပြောကြားလိုမှုရှိပါက ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ အခုအချိန်မှာ လူတွေက အစိုးရိမ်လွန်နေကြတဲ့အချိန်လည်း ဖြစ်နေတယ်။ အလွန်အကျွံကြီးလည်း မစိုးရိမ်ကြပါနဲ့၊ မစိုးရိမ်ဘဲလည်း ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျန်းမာရေးဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ထားတာတွေရှိတယ်။ လိုက်နာသင့်တဲ့အရာတွေ၊ ကျင့်ကြံသင့်တဲ့အရာတွေကို စဉ်ဆက်မပြတ် လေ့လာပြီး ကျန်းမာရေးဝန်ကြီးဌာန Website ထဲဝင်ကြည့်လို့လည်းရသလို အသိပညာပေးလက်ကမ်းစာစောင်တို့ကို စဉ်ဆက်မပြတ် ဖတ်ရှုပြီး အသိပညာပေး ကြေညာပေးတာတွေကို လိုက်နာကျင့်သုံးပြီးတော့ လိုက်နာနေထိုင်ကြမယ်ဆိုရင် အားလုံးအဆင်ပြေပြီး ရောဂါကူးစက်မှုကနေလည်း ကင်းဝေးကြပါလိမ့်မယ်လို့ ပြောကြားလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**ရမ်းဗြဲမြို့နယ်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ဆီဂျင်ဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အောက်ဆီဂျင်လိုအပ်ချက်များကို အထောက်အကူဖြစ်စေရန်အတွက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းစက်ရုံများမှ ထုတ်လုပ်သော အောက်ဆီဂျင်ဓာတ်ငွေ့များအား သက်ဆိုင်ရာ နယ်မြေဒေသအသီးသီးရှိ ဆေးရုံများနှင့် ကိုဗစ်ကုသရေးစင်တာများသို့ နေ့စဉ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ကိုဗစ်- ၁၉ ရောဂါ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အတွက် စက်ရုံအသီးသီးရှိ အောက်ဆီဂျင်ဓာတ်ငွေ့ထုတ်လုပ်နိုင်သော စက်များအား စွမ်းအားမြှင့်တင်ဆောင်ရွက်ခဲ့ရာ အောက်ဆီဂျင်နှင့် မီးသတ်ဆေးဘူးစက်ရုံ (မင်းဓမ္မ)၊ အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ)၊ အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)၊ သဘော်ာဖျက်စက်ရုံ (သီလဝါ) တို့မှ နေ့စဉ် အောက်ဆီဂျင်လီတာ ၄၀ ဝင် ဓာတ်ငွေ့အိုး ၂၀၀၀ ခန့်နှင့် ဓာတ်ငွေ့စက်ရုံ (မန္တလေး)မှ နေ့စဉ် အောက်ဆီဂျင် လီတာ ၄၀ ဝင်ဓာတ်ငွေ့အိုး ၅၀၀ ခန့် ထုတ်လုပ်ပေးခဲ့ပြီး နေ့စဉ်အောက်ဆီဂျင် ကုဗပေစုစုပေါင်း ၄၉၈၂၀၀ လီတာ ၄၀ ဝင် အောက်ဆီဂျင်ဓာတ်ငွေ့အိုး ၂၅၀၀ ခန့်အား သက်ဆိုင်ရာနယ်မြေဒေသအသီးသီးရှိ အောက်ဆီဂျင်လိုအပ်ချက်ရှိသော ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများနှင့် ကိုဗစ်ကုသရေးစင်တာများသို့ ပိတ်ရက်မရှိ နေ့စဉ် ၂၄ နာရီ ပတ်လုံး ဖြည့်သွင်းဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။




**ဖြန့်ဖြူးပေးလျက်ရှိ**

ယခုအခါ အောက်ဆီဂျင်ဓာတ်ငွေ့လိုအပ်ချက် ထပ်မံဖြည့်ဆည်းပေးနိုင်ရန် ပြည်ပမှ မှာယူထားသော လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုးအသစ် အလုံး ၅၀၀ မှာ အောက်ဆီဂျင် စက်ရုံ(မင်းဓမ္မ)သို့ ရောက်ရှိခဲ့ပြီးဖြစ်၍ ပြည်သူ့ဆေးရုံများ၊ ကိုဗစ်ကုသရေးစင်တာများနှင့် ပုဂ္ဂလိကလိုအပ်ချက်များသို့ ပိုမိုတိုးမြှင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းခွင့်ပြုထားသည့် ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများနှင့်ပတ်သက်၍ မေးမြန်းထားမှုအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြန်လည်ဖြေကြားချက်

မေး။ ကိုဗစ် – ၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းခွင့်ပြုထားတဲ့ ပုဂ္ဂလိကဆေးရုံနဲ့ ဓာတ်ခွဲခန်းတွေရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေ သိလိုပါတယ်။

ဖြေ။ ကိုဗစ် – ၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းခွင့်ပြုထားတဲ့ ပုဂ္ဂလိကဆေးရုံနဲ့ ဓာတ်ခွဲခန်းတွေရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေကတော့–

**ကိုဗစ် – ၁၉ ရောဂါရှာဖွေရေးလုပ်ငန်းခွင့်ပြုထားသော ပုဂ္ဂလိကဆေးရုံများ**

| စဉ် | ဆေးရုံအမည် | လိပ်စာ | ဆက်သွယ်ရန် |
|---|---|---|---|
| ၁ | နှင်းဆီကုန်းဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် | ဒေါက်တာဟိန်းလင်းထူး ၀၉၉၆၆၅၂၇၈၈၅ |
| ၂ | Dagon Medicare Hospital | ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် | ဒေါက်တာမေကဆုန် ၀၉၇၉၅၇၃၇၅၀၀ |
| ၃ | ဗဟိုစည်ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် | ဒေါက်တာခင်မြတ် ၀၉၅၁၀၈၂၀၄ |
| ၄ | KBC ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် | ဒေါက်တာထူးခူကလူဖေါ ၀၉၅၁၇၃၀၂၁ |
| ၅ | SSC ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် | ဒေါက်တာနီလာစိုး ၀၉၇၈၅၁၀၀၄၁၄ |
| ၆ | အာယုဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် | ဒေါက်တာဝါဝါဝင်းမြင့် ၀၉၄၂၁၀၉၄၀၁၈ |
| ၇ | OSC ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် | ဒေါက်တာမျိုးဝင်းအေး ၀၉၅၁၄၁၈၂၀ |
| ၈ | ဝိတိုရိယဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် | ဒေါက်တာခင်သီရိမိုး ၀၉၇၉၅၈၉၃၆၁၂ |
| ၉ | ပန်းလှိုင်ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် | ဒေါက်တာဆုလှဲ့ဝင်း ၀၉၇၈၂၉၉၄၁၃၃ |
| ၁၀ | မြို့တော်ဆေးရုံ | မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် | ဒေါက်တာနန်းဦးလှိုင် ၀၉၇၉၇၅၂၂၂၇ |
| ၁၁ | အကယ်ဒမီဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် | ဒေါက်တာထင်ပေါ် ၀၉၅၀၀၅၄၇၈ |
| ၁၂ | အာရှတော်ဝင်ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် | ဒေါက်တာကျော်ဇင်သန့် ၀၉၅၀၀၆၈၉၀ |

**ကိုဗစ် – ၁၉ ရောဂါ ရှာဖွေခွင့်ပြုထားသော ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများ**

| စဉ် | ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအမည် | လိပ်စာ | ဆက်သွယ်ရန် |
|---|---|---|---|
| ၁ | N Health Myanmar Laboratory | ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် | ဒေါက်တာခင်မောင်ထွေး ၀၉၄၄၇၂၂၃၂၆ |
| ၂ | Aye Laboratory | ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် | ဒေါက်တာဝင်းသိန်း ၀၉၄၅၂၆၆၈၂၁၆ |
| ၃ | Yangon Airport Molecular Laboratory | ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် | ဦးဝေဖြိုးနိုင် ၀၉၄၂၀၇၂၆၂၀၅ |
| ၄ | SML Advanced Medical Laboratory | ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် | *၀၉၇၈၅၃၁၄၈၃၃ |

**မေး။ တစ်ရက်ကို လူနာဘယ်နှဦးစစ်ဆေးနိုင်တယ်ဆိုတာနဲ့ စစ်ဆေးခဘယ်လောက်ကျသင့်မလဲ၊ အချိန်အကြာကြီးမစောင့်ရဘဲ စစ်ဆေးမှုပြုနိုင်ဖို့ ဘယ်လိုစီစဉ်ထားသလဲဆိုတာကို သိလိုပါတယ်။**

ဖြေ။ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ တစ်ရက်ကို စစ်ဆေးနိုင်တဲ့ လူနာအရေအတွက် ကန့်သတ်ထားတာ မရှိပါ။ လူနာ လိုသလောက် စစ်ဆေးနိုင်သလောက်ကို စစ်ဆေးပေးနေပါတယ်။ စစ်ဆေးခအနေနဲ့ ကျပ်သုံးသောင်းဝန်းကျင်၊ RT – PCR ကို ကျပ်နှစ်သောင်းဝန်းကျင်နဲ့ ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ကိုဗစ် – ၁၉ ရောဂါ လူနာလက်ခံကုသပေးမယ့် ပုဂ္ဂလိကဆေးရုံတွေကို ဆက်သွယ်နိုင်တဲ့လိပ်စာ၊ ဖုန်းနံပါတ်နဲ့ လက်ခံကုသနိုင်မယ့် လူနာဦးရေအခြေအနေကို သိလိုပါတယ်။**

ဖြေ။ ကိုဗစ် – ၁၉ ရောဂါ လူနာလက်ခံကုသပေးမယ့် ပုဂ္ဂလိကဆေးရုံတွေကို ဆက်သွယ်နိုင်တဲ့လိပ်စာ၊ ဖုန်းနံပါတ်နဲ့ လက်ခံကုသနိုင်မယ့် ဓာတ်ခွဲအတည်ပြုလူနာ အရေအတွက်ကတော့ –

**ကိုဗစ် – ၁၉ ပိုးတွေ့ လူနာများအား ကုသခွင့်ရှိသော ပုဂ္ဂလိကဆေးရုံများ**

| စဉ် | ဆေးရုံအမည် | အတည်ပြုလူနာ လက်ခံနိုင်သည့် ခုတင်အရေအတွက် | လိပ်စာ | ဆက်သွယ်ရန် |
|---|---|---|---|---|
| ၁ | ပန်းလှိုင်ဆေးရုံ | ၆၇ | ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် | ဒေါ်ဆုလှဲ့ဝင်း ၀၉၇၈၂၉၉၄၁၄၃ |
| ၂ | Dagon Medicare Hospital | ၂၀ | ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ဒေါက်တာမေကဆုန် ၀၉၇၉၅၇၃၇၅၀၀ |
| ၃ | မြို့တော်ဆေးရုံ | ၁၀၀ | မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် | ဒေါက်တာနန်းဦးလှိုင် ၀၉၇၉၇၅၇၂၂၂၇ |
| ၄ | အကယ်ဒမီဆေးရုံ | ၄၃ | ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် | ဒေါက်တာထင်ပေါ် ၀၉၅၀၀၅၄၇၈ |
| ၅ | အာရှတော်ဝင်ဆေးရုံ | ၅၀ | ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် | ဒေါက်တာကျော်ဇင်သန့် ၀၉၅၀၀၆၈၉၀ |

## ကျောက်ကြီးမြို့နယ်၌ အောက်ဆီဂျင်စက်ရုံ သြဂုတ်လကုန်ပိုင်းတွင် စတင်တပ်ဆင်မည်

**ကျောက်ကြီး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ပိုးတွေ့လူနာများ၊ အခြားကျန်းမာရေးမကောင်း၍ အောက်ဆီဂျင်လိုအပ်နေသူများအတွက် အောက်ဆီဂျင်ပြတ်လပ်မှုအခက်အခဲမဖြစ်ပေါ်စေရေး ရည်ရွယ်၍ ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေများဖြင့် သြဂုတ်လကုန်ပိုင်းတွင် အောက်ဆီဂျင်စက်ဝယ်ယူ တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံခန့်မှန်း တန်ဖိုး သိန်း ၇၀၀ ရှိ စက်အား ကျောက်ကြီးမြို့နယ်အတွင်းရှိ နာယကဆရာတော်များ၊ မြို့မိမြို့ဖများ၊ အကျိုးဆောင်အဖွဲ့ဝင်များ ပူးပေါင်းအလှူခံရရှိငွေမှာ သိန်းပေါင်း ၄၀၀ ခန့်ရရှိထားပြီး ကျောက်ကြီးမြို့ သိန်တန်းရပ်ကွက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ရုံးဝင်းရှိ ရုံးမြေ သုည ဒသမ ၁၆ ဧကမြေလွတ်နေရာတွင် တည်ဆောက်မည်ဖြစ်သည်။

စက်ရုံအား သြဂုတ်လကုန်ပိုင်းတွင် စတင်၍ မြေနေရာရှင်းလင်းကာ အဆောက်အအုံဆောက်လုပ်ရန် စတင်ဆောင်ရွက်မည်ဖြစ်ပြီး စက်ရုံတည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ အိုး အလုံး ၄၀ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

## မြဝတီနယ်စပ်မှ အောက်ဆီဂျင်အရည် ၁၃ တန် သယ်ဆောင်လာသည့် မော်တော်ယာဉ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိ

**လသာ ဇူလိုင် ၂၁**



ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် အောက်ဆီဂျင်အပါအဝင် ကိုဗစ်–၁၉ အထောက်အကူပြုဆေးနှင့်ပစ္စည်းများတင်သွင်းမှုကို မြဝတီနယ်စပ်မှတစ်ဆင့် ခွင့်ပြုပေးလျက်ရှိရာ အောက်ဆီဂျင်အရည် ၁၃ တန် သယ်ဆောင်လာသည့် မော်တော်ယာဉ်သည် ယမန်နေ့ နံနက် ၁ နာရီခန့်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်များကို ရွှေဗျိုင်းဖြူကုမ္ပဏီ (ဗဟန်း)မြို့နယ်မှ လှူဒါန်းခြင်းဖြစ်ပြီး Faw တွဲကား(၂၂) ဘီးယာဉ်ကို မန္တလာမင်းကားဂိတ်က လှူဒါန်းခြင်းဖြစ်သည်။ အောက်ဆီဂျင်ကားများ ရောက်ရှိမှုအခြေအနေကို လသာမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးမြင့်မော်ဦးဆောင်သောအဖွဲ့က သွားရောက်စစ်ဆေးခဲ့ကာ အဆိုပါ အောက်ဆီဂျင်အရည်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါလူနာ ၂၀၀ အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နယ်စပ်စခန်းများမှ တစ်ဆင့် ပြည်တွင်းသို့ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ အောက်ဆီဂျင်အရည် လီတာ ၄၉ သန်း၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၅၀၅ ခု၊ နှာခေါင်းစည်း တန် ၂၉၀ တင်သွင်းနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဇူလိုင် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၆၀၉၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၀-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၁-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၆,၅၉၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆,၀၉၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၀၁၈,၄၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၄၆,၆၆၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃,၆၀၈)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၇၀,၇၇၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၂၄၇)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၅,၈၁၄) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၆၃၂) ခု | (၄၆၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၄) ခု | (၆၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၈) ခု | (၂၂၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၁) ခု | (၂၈၇) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၃၉) ခု | (၁၀၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၀) ခု | (၁၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၉၄) ခု | (၈၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၀၆၂) ခု | (၄,၀၀၀) ဦး |
| စုစုပေါင်း | (၁၆,၅၉၀) ခု | (၆,၀၉၃) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၀၈၂၀၉၃ | ၂၉၄၃၅၄၁၅ | ၆၂၅၄၀၁ |
| ၂။ | အိန္ဒိယ | ၃၁၂၁၆၃၃၇ | ၃၀၃၉၀၆၈၇ | ၄၁၈၅၁၁ |
| ၃။ | ဘရာဇီး | ၁၉၄၁၉၇၄၁ | ၁၈၀၁၂၄၆၂၁ | ၅၄၄၃၀၂ |
| ၄။ | ရုရှား | ၆၀၃၆၂၄၀ | ၅၄၀၄၇၉၇ | ၁၅၀၇၀၅ |
| ၅။ | ပြင်သစ် | ၅၈၉၀၀၆၂ | ၅၆၆၃၇၇၆ | ၁၁၁၅၂၅ |
| ၆။ | တူရကီ | ၅၅၄၆၁၆၆ | ၅၃၉၅၃၀၀ | ၅၀၆၅၀ |
| ၇။ | ဗြိတိန် | ၅၅၁၉၆၀၂ | ၄၄၁၁၈၃၉ | ၁၂၈၈၂၃ |
| ၈။ | အာဂျင်တီးနား | ၄၇၈၄၂၁၉ | ၄၄၂၀၉၉၅ | ၁၀၂၃၈၁ |
| ၉။ | ကိုလံဘီယာ | ၄၆၆၈၇၅၀ | ၄၄၂၂၈၆၆ | ၁၁၇၁၃၁ |
| ၁၀။ | အီတလီ | ၄၂၉၃၀၈၃ | ၄၁၁၅၈၈၉ | ၁၂၇၈၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၉၈၃၈၃၀ | ၂၃၅၆၅၅၃ | ၇၇၅၈၃ |
| ၂။ | ဖိလစ်ပိုင် | ၁၅၂၄၄၄၉ | ၁၄၄၉၅၇၉ | ၂၆၈၇၄ |
| ၃။ | မလေးရှား | ၉၅၁၈၈၄ | ၈၀၆၈၅၇ | ၇၄၄၀ |
| ၄။ | ထိုင်း | ၄၃၉၄၇၇ | ၃၀၄၄၅၆ | ၃၆၁၀ |
| ၅။ | မြန်မာ | ၂၄၆၆၆၃ | ၁၇၀၇၇၉ | ၅၈၁၄ |
| ၆။ | ကမ္ဘောဒီးယား | ၆၉၆၀၈ | ၆၁၇၇၉ | ၁၁၆၈ |
| ၇။ | ဗီယက်နမ် | ၆၅၆၀၇ | ၁၁၄၄၃ | ၃၃၄ |
| ၈။ | စင်ကာပူ | ၆၃၆၂၁ | ၆၂၅၄၃ | ၃၆ |
| ၉။ | လာအို | ၃၈၆၃ | ၂၁၇၄ | ၅ |
| ၁၀။ | ဘရူနိုင်း | ၃၀၅ | ၂၆၁ | ၃ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်းမြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ပူးပေါင်း၍ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေး နိုးဆော်အပ်ပါသည်။

Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁)ရက်နေ့ နံနက် ၈ နာရီမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center) ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နေ့စဉ် နံနက် ၈ နာရီမှ ည ၉ နာရီအတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇-၃၄၁၁၅၀၈
(၂) ၀၆၇-၃၄၁၁၅၀၉
(၃) ၀၆၇-၃၄၁၁၁၄၄
(၄) ၀၉-၈၈၂၅၅၇၉၉၁
(၅) ၀၉-၈၈၂၅၅၇၉၉၂
(၆) ၀၉-၈၈၂၅၅၇၉၉၃

သတင်းစဉ်

# နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးညွှန်ကြားချက်များ ပြည်သူများ သိရှိနိုင်ရေး သတိပေးနှိုးဆော်မှုပုံရိပ်များ

**နေပြည်တော်　ဇူလိုင်　၂၁**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးနှင့် ကူးစက်မှုလျော့နည်းစေရေးအတွက် မိဘပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ရောဂါကူးစက်မှု လျော့နည်းနိုင်မည်ဖြစ်၍ ပြည်သူများ လိုက်နာဆောင်ရွက်သင့်သည့်အချက်များ၊ ညွှန်ကြားချက်များကို သိရှိလိုက်နာနိုင်ရန် အသံချဲ့စက်များဖြင့် သတိပေးနှိုးဆော်မှုများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါနှိုးဆော်ချက်တွင် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်ရန်၊ လူစုလူဝေးရှောင်ရှားရန်၊ လူစုလူဝေးမပြုလုပ်ရန်၊ လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးကြောရန်၊ လက်သန့်ဆေးရည်ဖြင့် လက်ကို သန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်းမပြုလုပ်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျစွာလိုက်နာကြရန် စသည့် အသိပေးနှိုးဆော်မှုများကို မိဘပြည်သူများ ကိုယ်စီလိုက်နာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးအသင်းများမှ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူများအတွက် သတိပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။


မအူပင်မြို့နယ်
ခရိုင်(ပြန်/ဆက်)


အုတ်တွင်းမြို့နယ်
ခင်ခင်မာ(ပြန်/ဆက်)


ကျောက်ဆည်မြို့နယ်
တင်တင်ထွေး


ဒဂုံမြို့နယ်
ဒဂုံမြို့နယ်(ပြန်/ဆက်)


ဗဟန်းမြို့နယ်
အောင်မြင့်(ပြန်/ဆက်)


မိုးမိတ်မြို့နယ်
မိုးမိတ်သား(စည်သူဌေး)


နမ္မတူမြို့နယ်
လူမော်(ပြန်/ဆက်)


မောင်တောမြို့
သက်လွင်စိုး(ပြန်/ဆက်)


ဥတ္တရသီရိမြို့နယ်
ခရိုင်(ပြန်/ဆက်)


စစ်တွေမြို့နယ်
တင်ထွန်း(ပြန်/ဆက်)


ကော့မှူးမြို့နယ်
ကျော်သူရ(ကော့မှူး)


ထားဝယ်မြို့
ခရိုင်(ပြန်/ဆက်)

# ကျောပိုးအိတ်လေးကို ချီကာလွယ်ခဲ့သူ

## တာရာ

**မှတ်မှတ်ရရဆိုရလျှင် ၂၀၀၉ ခုနှစ် ဇူလိုင် ၃၀ ရက် မိုးကသဲသဲမဲမဲ ရွာနေသည်။ မိုးတွေက ရွာနေသောကြောင့် ပတ်ဝန်းကျင်ကလည်း မိုးစက် မိုးပေါက်တို့ကြောင့် ဝေဝါးနေသည်။ ကျွန်တော့်အသက်အရွယ်ကြောင့်လည်း ဝေဝါးနေတာဖြစ်ပါသည်။ ကျွန်တော်၏ အသက်သည် ၈၄ နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်၏ ဟူသောအဖွင့်ဖြင့် လေထန်ထန် မိုးသည်းသည်းနေ့တစ်နေ့တွင် စာရေးသူ တင့်ဆွေ (ဖျာပုံ) က ကျောပိုးအိတ်လေးကို ချီကာလွယ်ဆိုသည့် ဘဝမှတ်တမ်းစာစုကို အစပြုမွေးဖွားဖြစ်ခဲ့သည်။**

ဇနီးသည် ကွယ်လွန်ပြီး ၂၅ ရက်အကြာတွင် ဤစာအုပ်ကို စတင်ရေးဖွဲ့ခဲ့ခြင်းဖြစ်ပြီး စာအုပ်တွင် စာရေးသူ၏ ဇနီးသည်အပေါ်ထားရှိသည့် မေတ္တာတရား၊ လွမ်းဆွတ်သတိရမှုတို့ကို လှစ်ဟပြခဲ့သည်။

ထို့ပြင် တပ်မတော်သားရဲဘော်ဘဝမှ တိုင်းမှူးအထိ တပ်မတော်၌ ကျရာတာဝန်များကို ဦးလည်မသုန်ထမ်းရွက်ခဲ့ရပုံ စစ်သားဘဝအတွေ့အကြုံများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှစ၍ လွတ်လပ်ရေးရရှိပြီး သောင်းကျန်းမှုချေမှုန်းရေးကာလများတွင် တပ်မတော်၌ စစ်ဆင်ရေး၊ လေ့ကျင့်ရေး၊ စီမံရေး တာဝန်ထမ်းဆောင်ခဲ့ရပုံများကိုလည်း ရေးဖွဲ့ထားသည်။

### မှတ်တမ်းတင်ရေးဖွဲ့ထား

ထို့အတူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးတာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အတွေ့အကြုံများ၊ ဘဝအကွေ့အကောက်၊ အတက်အကျစုံတို့ကို ဤစာအုပ်တွင် စာရေးသူက အချိုးအစားညီမျှစွာ မှတ်တမ်းတင်ရေးဖွဲ့ထားရာ ပညာဗဟုသုတတိုးပွားပြီး အကျိုးများစေသည့်အတွက် ဖတ်ရှုရန် ညွှန်းဆိုလိုပါသည်။

ကျောပိုးအိတ်လေးကို ချီကာလွယ်စာအုပ်သည် စာရေးသူ တင့်ဆွေ(ဖျာပုံ)က ရေးသားထားပြီး ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားစာပေဆု (စာပဒေသာ) ဆုရရှိခဲ့သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပဉ္စမအကြိမ် ပြန်လည်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။


စာရေးဆရာ တင့်ဆွေ(ဖျာပုံ)တို့ ဇနီးမောင်နှံ အမှတ်တရဓာတ်ပုံ။

မြေပြန့်တောင်ပေါ်၊ ပင်လယ်ကမ်းရိုးတန်း၊ မြန်မာပြည်အနှံ့ တာဝန်ကျရာ ဒေသများသို့ ကျောပိုးအိတ်လေးလို လိုက်ပါနေရပြီး ဆင်းရဲအတူ၊ ချမ်းသာမခွဲ၊ ဝါးတဲတန်းလျား၊ စစ်မြေပြင်မကျန် တစ်ဦးနှင့်တစ်ဦး ချည်နှောင်တွယ်တာခဲ့ရသူ ချစ်ဇနီးကို စစ်သားတစ်ယောက်၏ ကျောပိုးအိတ်လေးအဖြစ် တင်စားဖွဲ့နွဲ့ကာ စာအုပ်ကို ဤသို့ဤပုံ အမည်ပေးခဲ့ခြင်းလည်းဖြစ်ရာ ဇနီးသည်အပေါ် လေးနက်တည်ကြည်သည့် ယောကျ်ားကောင်းတို့၏ စိတ်နေစိတ်ထားကို မြင်တွေ့ရမည်ဖြစ်သည်။

စာရေးသူ၏ ဘဝအစသည် မြစ်ချောင်းအင်းအိုင်၊ မြစ်တက်ချောင်းတက်၊ မြစ်ကွေ့ချောင်းကွေ့၊ မြစ်သွယ်ချောင်းသွယ် အလွန်ပေါများသောဒေသ၊ သားငါးနှင့် ဆန်စပါးတို့ပေါများရာ ဖျာပုံခရိုင် ဖျာပုံမြို့တွင် ကန်ထရိုက်တာ ဦးဘသောင်း၊ အမိ ဒေါ်သင်တို့က ၁၉၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် မွေးဖွားခဲ့သည်။

### လေးစားဖွယ်မြင်တွေ့ရမည်

လွတ်လပ်ရေးမရမီ သူ့ကျွန်ဘဝကျရောက်နေစဉ်က မွေးဖွားခဲ့ပုံကို စာရေးသူက "ကျွန်တော့်ကို မွေးဖွားစဉ်ကာလသည် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်အဖြစ် နှံနှစ်နေရချိန်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည်လည်း သူ့ကျွန်အဖြစ် မွေးဖွားလာရသူဖြစ်သည် " ဟု ရေးသားထားရာ စာရေးသူ၏ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် လွတ်လပ်လိုသည့် စိတ်စေတနာကို လေးစားဖွယ်မြင်တွေ့ရမည်ဖြစ်သည်။

သို့မို့ကြောင့် စာရေးသူ၏ ငယ်စဉ်ကာလ ဘဝတစ်လျှောက်လုံးတွင် လွတ်လပ်ရေးဟူသော အတွေးများက သန္ဓေတည်ကိန်းအောင်းနေပြီး မြန်မာနိုင်ငံကို လွတ်လပ်စေလိုသည့် စိတ်ဆန္ဒ ထက်သန်ပြင်းပြခဲ့သည်။ မိဘကိုဖယ်ခွာ၊ ဇာတိရပ်ရွာကို ကျောခိုင်း၊ ချစ်သူကို စွန့်လွှတ်ပြီး မြန်မာ့လွတ်လပ်ရေးကို အရယူမည်ဟူသော ပြင်းပြသည့် စိတ်ဓာတ်ဖြင့် ၁၉၄၃ ခုနှစ်တွင် တပ်မတော်ထဲသို့ ဝင်ခဲ့ကာ စာရေးသူ၏ တပ်မတော်သားဘဝ စတင်ခဲ့သည်။

စာမျက်နှာ ၂၁ သို့ ❍


တပ်မ(၇၇)ဖွဲ့စည်းခြင်း (ဝဲမှယာ) တတိယ စစ်ဗျူဟာမှူး ဒုဗိုလ်မှူးကြီး အုန်းကျော်နှင့် စာရေးဆရာ တင့်ဆွေ(ဖျာပုံ)။


စာရေးဆရာတင့်ဆွေ(ဖျာပုံ) တိုင်းစစ်ဦးစီးချုပ် တာဝန်ထမ်းဆောင်စဉ် ကယားပြည်နယ်တစ်နေရာသို့ ရောက်ရှိစဉ်က အမှတ်တရဓာတ်ပုံ။



ဂျပန်ပြည် စစ်ပညာသင်ဘဝ



အမှတ်(၁) စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ် စာရေးသူနှင့် နိုင်ငံခြားဧည့်သည်တစ်ဦး

❍ စာမျက်နှာ ၂၀ မှ

စာရေးသူသည် မွေးရပ်မြေ ဖျာပုံမှ စက်တပ်သမ္မန်ဖြင့် ရန်ကုန်၊ ရန်ကုန်မှ တပ်ထဲဝင်ရန် ပျဉ်းမနားမြို့တွင်ရှိသည့် ဗမာ့တပ်မတော် " Burma Defence Army, BDA" သို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ဗိုလ်သင်တန်းတက်ရန် မင်္ဂလာဒုံ၊ မင်္ဂလာဒုံမှ စစ်ပညာသင်ရန် ဂျပန်နိုင်ငံ ဘုရင့်စစ်တက္ကသိုလ်သို့ ၁၉၄၄ ခုနှစ်တွင် ထွက်ခွာခဲ့သည်။

စာရေးသူသည် စစ်ပညာတတ်မြောက်မှ လွတ်လပ်ရေးရမည်ဟု ခံယူထားသည့်အတွက် ဂျပန်နိုင်ငံတွင် စစ်ပညာကို ရှပ်ရှပ်ချွံချွံ တတ်မြောက်အောင် သင်ယူကြခဲ့သည်။ ဂျပန်ပြည် စစ်ပညာသင်ဘဝ အတွေ့အကြုံများ၊ ခက်ခဲကြမ်းတမ်းခဲ့ပုံများကို တိုရှင်းထိမိသည့် အရေးအသားဟန်တို့ဖြင့် စာရှုသူတို့မျက်စိတွင် ကွက်ကွက်ကွင်းကွင်း ရှင်းလင်းနားလည်အောင် ရေးသားထားသည်ကို ဤစာအုပ်တွင် တွေ့ရသည်။

တစ်ဖန် စစ်ပညာသင်ယူပြီး အမိမြေကို ပြန်လည်ခြေချမိသည့်အခါ ဂျပန်စစ်တက္ကသိုလ်မှ ဆင်းလာသော အရာရှိများဖြစ်သော်လည်း ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရာတွင် အင်္ဂလိပ်တို့နှင့် ချုပ်ဆိုခဲ့သော ကန္ဒီစာချုပ်အရ တပ်မတော်အရာရှိဦးရေကို ကန့်သတ်ထားသည့်အတွက် Waiting List အရ တပ်မတော်သို့ တပ်သားဘဝဖြင့်သာ ဝင်ရောက်နိုင်ရေး စောင့်ဆိုင်းရမည့် အခြေအနေဖြစ်ရာ ဖခင်ရင်ခွင်သို့ ခိုဝင်ရန် ဇာတိမြေဖြစ်သည့် ဖျာပုံသို့ ပြန်ခဲ့သည်။

ထို့နောက်တွင် ငယ်စဉ်ကတည်းက စိတ်ဝင်စားခဲ့ရသူ မခင်စန်း(အများအခေါ် အန်တီစန်း)နှင့် မေတ္တာမျှခဲ့သည်။ လွတ်လပ်ရေးရမှ မိန်းမယူမည်ဟု သန္နိဋ္ဌာန်ချထားသည့်အတွက် ၁၉၄၅ ခုနှစ်တွင် တပ်ထဲသို့ ပြန်လည်ဝင်ရောက်ခဲ့ရာ အန်တီစန်းသည် လက်ထပ်ရန် သုံးနှစ်သုံးမိုး စောင့်ဆိုင်းခဲ့ရသည်။

(ဆက်လက်ဖော်ပြပါမည်)





မြဝတီကုန်သွယ်ရေးဇုန်မှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်ကို တွေ့ရစဉ်။

❒ ကျောဖုံးမှ

ဇူလိုင် ၂၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Generator ၃၇ လုံးအပါအဝင် မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် သုံးစီးဖြင့် (၅၈) တန်၊ အောက်ဆီဂျင် အရည် (အိုးဖြင့်) (၅၇) တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) (၁၈၄၈)ခု၊ နှာခေါင်းစည်း တန် (၃၀) တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ (၂၅)ခု မှ ယာဉ်စီးရေ ၄၁ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် ထိုင်းနိုင်ငံဘက်မှ မြဝတီကုန်သွယ်ရေးဇုန်၊ တရုတ်နိုင်ငံဘက်မှ မူဆယ်ကုန်သွယ်ရေးဇုန်တို့မှ အများဆုံး တင်သွင်းနိုင်ခဲ့ပြီး နိုင်ငံတော်မှ ရောဂါထိန်းချုပ်မှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ဇူလိုင် ၁၂ ရက်မှ ၂၁ ရက်အထိ မော်တော်ယာဉ် ၂၅၄ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် (၃၈၇) တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) တန် (၁၇၀)၊ အောက်ဆီဂျင် ဓာတ်ငွေ့ (အိုးဖြင့်) (၆၂) တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (၁၇၄၀၉)ခု၊ Test Kit (၁၃၄၅၀၀)၊ နှာခေါင်းစည်း တန် (၄၅၀) တင်သွင်းခွင့် ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား အဆက်မပြတ် တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် တင်သွင်းရာတွင်လည်း ကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ T S ဆီဆိုင်မိသားစုမှ ငွေကျပ် ၁၅ သိန်း လှူဒါန်း



**ကျောင်းကုန်း ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကာလဒါနအလှူအဖြစ် ကိုသန်းဆွေ မိသားစု (T S ဆီဆိုင်)မှ ငွေကျပ် ၁၅ သိန်း လှူဒါန်းမှုကို ယနေ့နံနက် ၉ နာရီခန့်တွင် အလှူရှင်ကိုယ်စား ကိုဝင်းကြိုင်(ပြန်/ဆက်)က ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က လက်ခံရယူခဲ့သည်။

ယခုဆိုလျှင် ကျောင်းကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၃၆၄ ဦးအထိရှိပြီး ကျန်းမာစွာဖြင့် နေအိမ်ပြန်သူ ၁၈၆ ဦးရှိပြီး သေဆုံးသူ ၁၄ ဦးရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် အတည်ပြုလူနာ ၁၆၄ ဦးအား နေရာ(၇)နေရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးထားကာ ရောဂါတွေ့ရှိသူများအနက် ၁၉ ဦးမှာ အောက်ဆီဂျင်ပေးထားရပြီး ကျန်လူနာများမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိရာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များအား လိုက်နာကြရန်လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်ထားသည်။

ပြီးခဲ့သည့် ဇူလိုင် ၁၇ ရက်က ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ကိုသန်းဆွေ မိသားစု(T S ဆီဆိုင်)နှင့် ရန်ကုန်မြို့နေ ကျောင်းကုန်းမြို့နယ်အသင်း အတွင်းရေးမှူး ဦးကြည်လွင်(ခ)စိန်ချွန်း မိသားစု (Tun Myat Thu Int'l Co., Ltd) တို့က ငွေကျပ် ၁၀ သိန်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူများ ပူးပေါင်းပါဝင်မှသာ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်မည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါ တတိယလှိုင်းသည် ဇွန်လလယ်မှ စတင်ခဲ့ကာ ကိုဗစ်-၁၉ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့၏ ရောဂါကူးစက် ဖြစ်ပွားမှုနှုန်းများကို သုတေသနပြုနှိုင်းယှဉ်ရာ၌ တတိယလှိုင်းတွင် ကူးစက်ဖြစ်ပွားမှုနှုန်းသည် များပြားမြန်ဆန်ပြီး ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်း မြင့်တက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် လူဦးရေသန်း ၁၉၀ ကျော်ရှိပြီဖြစ်ပြီး မြန်မာနိုင်ငံတွင် ဇူလိုင် ၁၉ ရက်အထိ နှစ်သိန်းကျော်ရှိပြီဖြစ်သည်။

ထို့ကြောင့် ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဇူလိုင် ၁၇ ရက်မှ ၂၅ ရက်အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်ရှည်အဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများအနေဖြင့် ခရီးသွားလာခြင်းမပြုဘဲ မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင် နေထိုင်ခြင်း၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်မှအပ ခရီးမသွားရန်နှင့် မိမိအိမ်တွင် မိမိနေထိုင်ခြင်း၊ မိမိအိမ်သို့ မလိုအပ်ဘဲ ဧည့်သည်လက်မခံခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လိုက်နာဆောင်ရွက်သွားရန် သတင်းထုတ်ပြန်ထားသည်။

“လူတစ်ဦးနဲ့ တစ်ဦး ကူးလူးဆက်ဆံမှုတွေကနေတစ်ဆင့် ကိုဗစ်-၁၉ ရောဂါက အဆင့်ဆင့် ကူးစက်သွားနိုင်ပါတယ်။ ဒါကြောင့် လူတွေက ကိုယ့်အိမ်ထဲမှာ သီးခြားနေထိုင်ကြမယ်ဆိုရင် ရောဂါဖြစ်ပွားမှု ကွင်းဆက်တွေကို ဖြတ်တောက်နိုင်မယ်။ ရောဂါဖြစ်ပွားခဲ့မယ်ဆိုရင်လည်း ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဖြစ်ပွားတဲ့မိသားစု တစ်စုကို စနစ်တကျပြုစုစောင့်ရှောက်နိုင်မယ်။ ရောဂါဆက်တိုက် ကူးစက်ဖြစ်ပွားနေမှုကို ဦးချိုးနိုင်မယ်။ ဒါက အလွန်ထိရောက်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ရောဂါဖြစ်ပွားမှုနှုန်း တက်နေတဲ့ ဒီအချိန်မှာ မိမိအိမ်မှာနေခြင်းဟာ အကောင်းဆုံး ရောဂါကာကွယ်ထိန်းချုပ်ခြင်း ဖြစ်တယ်ဆိုတာ သိစေချင်ပါတယ် ” ဟု Stay at Home နေထိုင်ခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးကို အကျိုးရှိထိရောက်စေနိုင်ကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုသည်။

တတ်နိုင်သမျှ အိမ်၌သာ နေထိုင်ရန်၊ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ရန်၊ လက်ကို အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောရန်၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေရန်၊ လေဝင်လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ လူစုလူဝေး လုံးဝရှောင်ကြဉ်ရန်၊ ဖြစ်နိုင်ပါက တစ်ပတ်လျှင်တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူရန်၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးဝယ်ယူခြင်းမပြုရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူများအား အသိပေးနှိုးဆော်ထားသည်။

ထို့ပြင် အပြင်ထွက်ရာမှအိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရေး သတိပြုရန်၊ အသုံးပြုပြီးသော ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ရန်၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှရှောင်ကြဉ်ရန်နှင့် ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ စနစ်တကျ ပူးပေါင်းပါဝင်ပေးကြရန်လည်း အသိပေးကြေညာထားသည်။

ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အချိန်တိုအတွင်း ထိရောက်အောင်မြင်၍ ယခုဖြစ်ပေါ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ထိခိုက်မှု အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်မည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူများအား တိုက်တွန်းနှိုးဆော်ထားသည်။ **ထက်လျှံ**

# အောက်ဆီဂျင်အရည်များ ဝယ်ယူရန်နှင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၁**

ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးစင်တာများအတွက် လိုအပ်နေသော အောက်ဆီဂျင်အရည်များ ဝယ်ယူရန်နှင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီခွဲက ကိုဗစ်-၁၉ရောဂါ လမ်းညွှန်ချက် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဦးသိန်းထွဋ် အထွေထွေအတွင်းရေးမှူး (သင်္ဃာဖောင်ဒေးရှင်း) က ကျပ်သိန်း ၂၅၀၀၊ ကွန်းခိုရာ ဖောင်ဒေးရှင်း (ရန်ကုန်မြို့) က ကျပ်သိန်း ၂၄၀၀၊ ဦးသိန်းဝင်းဇော်-ဒေါ်တင် လတ်မင်း (ရွှေဗိုလ်ဖြူ) ကုမ္ပဏီက ကျပ်သိန်း ၁၂၀၀၊ စုပေါင်းအလှူရှင်များက ကျပ်သိန်း ၁၈၀၀၊ ဦးမျိုးသူရ-ဒေါ်ကေခိုင်သူရ (KTR Co.,Ltd) က ကျပ်သိန်း ၆၀၀၊ ဒေါက်တာဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဦး (မြတ်မေတ္တာမွန် Co.,Ltd) က ငွေကျပ် သိန်း ၆၀၀၊ ဦးတင်မောင်လတ် (Chain Family Assets) က ကျပ်သိန်း ၃၆၀၊ ဝိသာခါဖောင်ဒေးရှင်းက ကျပ်သိန်း ၃၆၀၊ ဦးခင်စိုး-ဒေါ်အုန်းဇာဇာလွင် (Anwar Hlwan Co.,ltd) က ကျပ်သိန်း ၂၄၀၊ ဦးစိန်လွင်- ဒေါ်ကြူကြူခိုင် (Yadanar Shin Thant Co.,Ltd) သန်လျင်က ငွေကျပ်သိန်း ၂၄၀၊ ဦးစိုးမိုးနှင့် ညီများ (သန်လျင်) က ငွေကျပ်သိန်း ၂၄၀၊ သီရိပျံချီဦးသိန်းဆွေ-ဒေါ်မြသိင်္ဂီ (သားသမီးမြေးတစ်စု)က ငွေကျပ်သိန်း ၁၂၀၊ ဦးသန်းအောင်- ဒေါ်လီလီ (Asia Hlaine Kyaw Co.,Ltd) က ငွေကျပ်သိန်း ၁၂၀၊ ဦးခင်အောင်-ဒေါ်လှဲ့လှဲ့အေး (မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)က ငွေကျပ်သိန်း၁၂၀၊ ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေ (Pain Family Co.,Ltd)က ငွေကျပ်သိန်း ၁၂၀၊ ဦးမြင့်သိန်းခိုင်မိသားစုက ငွေကျပ်သိန်း ၁၂၀၊ ဦးကျော်ဇော်သျှံ-ဒေါ်နန္ဒာဝေဒီ (Wai De Co.,Ltd Home Galaxy)မိသားစုက ငွေကျပ်သိန်း ၁၂၀၊ ဦးမောင်မောင်လေး (ယမ်ယမ်ခေါက်ဆွဲ မိသားစု) က ငွေကျပ်သိန်း ၁၂၀၊ Win & San ရတနာဆိုင်က ငွေကျပ်သိန်း ၁၂၀၊ ဦးစိုးနိုင်-ဒေါ်မိုးစိမ့်စိမ့်လင်းမိသားစုက ငွေကျပ်သိန်း ၁၂၀၊ Eager Communication Group Co.,Ltd က ငွေကျပ်သိန်း ၁၂၀၊ ဦးကျော်နေဝင်း မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ဦးအောင်ထွေး (Great Cairo Co.,Ltd )က ငွေကျပ် သိန်း ၁၀၀၊ ဦးရွှေထူးမိသားစုက အလှူငွေကျပ်သိန်း ၁၀၀၊ Bo Min Bo Co.,Ltd က အလှူငွေကျပ်သိန်း ၄၀၊ ဒေါ်ကျင်ဟို၊ ဦးဇော်လင်းထွန်းနှင့် ဒေါ်ချိုချိုဝင်း (Treasure Land Asia Investment Co.,Ltd) က ကျပ်သိန်း ၄၀၊ ဦးသိန်းဦးနှင့် ဒေါ်သီတာဝင်း (အောင်မင်္ဂလာ ဆန်စက်)က ၆၂၅၀၀၀ နှင့် အောက်ဆီဂျင်လီတာ ၄၀ အိုး အလုံး ၅၀ စုစုပေါင်း အလှူငွေကျပ် ၁၂၈၂၅၀၀၀၀ ကို လှူဒါန်းရာ ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့်ကောင်စီအဖွဲ့ဝင်များက လက်ခံရယူပေးကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**



# အောက်ဆီဂျင်အရည် တန် ၂၀ သယ်ဆောင်လာသည့်မော်တော်ယာဉ် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိ

**မန္တလေး ဇူလိုင် ၂၁**

မြဝတီနယ်စပ်မှတစ်ဆင့် ဝယ်ယူတင်သွင်းသည့် အောက်ဆီဂျင်အရည် တန် ၂၀ သယ်ဆောင်လာသည့် မော်တော်ယာဉ်သည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိသည်။

**ကုသမှုမပြတ်ဖြည့်သွားမှာဖြစ်**

"ပြည်သူ့ကျန်းမာရေးနှင့် မန္တလေးမြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပုံငွေရှာဖွေရေးကော်မတီရဲ့ အစီအစဉ်နဲ့ မန္တလေးဆေးရုံကြီးကို အောက်ဆီဂျင်အရည် ရောက်တာ၊ အခုက ဒုတိယအကြိမ်ဖြစ်ပါတယ်။ အလှူရှင်က လှူတာပါ။ လက်ရှိ ဆေးရုံကြီးမှာ အောက်ဆီဂျင်အရည် တန်က ၂၁ တန် ဆံ့ပါတယ်။ ဇူလိုင် ၁၇ ရက်က ထည့်ထားတာကလည်း သုံးနေဆဲဖြစ်ပါတယ်။ ခြောက်တန်ခွဲလောက် ကျန်ပါသေးတယ်။ ဒါက တန် ၂၀ ဆိုတော့ ဒါကို ဖြည့်နေရင်းနဲ့ ကိုဗစ်-၁၉ လူနာတွေကို တောက်လျှောက်အောက်ဆီဂျင်လွှတ်ပေးပြီး ကုသမှုမပြတ်ဖြည့်သွားမှာဖြစ်ပါတယ်" ဟု မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်က ပြောကြားသည်။



မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် အောက်ဆီဂျင်အသုံးပြု ကုသပေးနေရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၁၆၀ ကျော်ရှိသည်။

**ဝယ်ယူတင်သွင်း လှူဒါန်း**

ဇူလိုင် ၁၇ ရက်တွင်လည်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အောက်ဆီဂျင်အရည် တန်ချိန် ၂၆ တန်ကို ပြည်သူ့ကျန်းမာရေးနှင့် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုရန်ပုံငွေရှာဖွေရေးကော်မတီက ဝယ်ယူတင်သွင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

လတ်တလော ကိုဗစ်-၁၉ရောဂါ ကုသရေးတွင် လိုအပ်လျက်ရှိသည့် အိမ်သုံးအောက်ဆီဂျင်စက်များ တင်သွင်းမှုအတွက် FDA ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုအပ်သည့်အပြင် အကောက်ခွန် သုံးရာခိုင်နှုန်းအတွက်လည်း လက်ငင်းပေးဆောင်ရန်မလိုဘဲ ကြိုတင်ထုတ်ယူနိုင်ရန် ဖြေလျှော့ခွင့်ပြုပေးထားကြောင်း၊ နယ်စပ်စခန်းများမှတစ်ဆင့် ပြည်တွင်းသို့ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ အောက်ဆီဂျင်အရည်လီတာ ၄၉ သန်း၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၅၀၅ ခု၊ နှာခေါင်းစည်း ၂၉၀ တန် တင်သွင်းနိုင်ခဲ့ကြောင်းလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ **ထိပ်ထားနိုင်**

## ထိပ်ဆုံးမှာ တွေ့ကြမယ်

# သင်၏ အခြားသူများကို ရှုမြင်ပုံ

ခင်မောင်ညို (ဘောဂဗေဒ)

(၁၅-၇-၂၀၂၁ ရက်နေ့မှအဆက်)

**ကလေးများ၊ အရောင်းသမားများ၊ လူနာများ၊ ဝန်ထမ်းများ၊ အိမ်ထောင်ဖက်များ**

ဤနေရာ၌ ခင်ဗျားကို မေးစရာမေးခွန်းတစ်ခုရှိနေသည်။ ခင်ဗျားမှာ ဘယ်လိုကလေးတွေရှိသလဲ၊ ခင်ဗျားသာ အရောင်းသမားတစ်ယောက်ဆိုခဲ့လျှင် ဘယ်လိုဖောက်သည်လောင်းတွေကို မျှော်လင့်ထားသလဲ၊ ခင်ဗျားသာ အရောင်းမန်နေဂျာဆိုလျှင်ကော ခင်ဗျားမှာ ဘယ်လိုအရောင်းသမားတွေရှိသလဲ။ ခင်ဗျားသာဆရာဝန်ဆိုလျှင် ဘယ်လိုလူနာတွေကို ကုသနေရသလဲ။ ခင်ဗျားသာ အလုပ်ရှင်တစ်ယောက်ဖြစ်လျှင် ဘယ်လိုအလုပ်သမားတွေရှိသလဲ။ ခင်ဗျားသာ ခင်ပွန်းတစ်ယောက်ဆိုလျှင် ဘယ်လိုဇနီးသည် ရှိသလဲ။ ခင်ဗျားသာ ဇနီးသည်တစ်ယောက်ဆိုလျှင်ရော ဘယ်လိုခင်ပွန်းသည်ရှိနေလဲ။ ကျွန်တော်က ခင်ဗျား၏ သဘောထားများသည် ခင်ဗျားနှင့် ထိတွေ့နေသည့်သူများပေါ်တွင် အကျိုးသက်ရောက်မှုရှိကြောင်းကို ပြောပြနေခြင်း ဖြစ်ပါသည်။ ကြွက်များဇာတ်လမ်းကို ရှေ့တစ်လှမ်းတိုး၍ ဆက်ပြီးကြည့်ကြရအောင်။ ထိုကြွက်များ၏ အတွေ့အကြုံကို ဒေသန္တရ အထက်တန်းကျောင်းတစ်ကျောင်း၌ စမ်းသပ်ကြည့်လိုက်သည်။

ဆရာတစ်ယောက်ကို ပြောပြသည်။ "ခင်ဗျားသိပ်ကံကောင်းတယ်၊ ခင်ဗျားဟာ ပါရမီရှင်ကလေးတွေနဲ့ ဆက်ဆံရတယ်။ ခင်ဗျား မမေးခင်ကတည်းက သူတို့အဖြေတွေပေးနေလိမ့်မယ်။ ဒီကောင်တွေက သိပ်ပြီးထူးချွန်တဲ့သူတွေ။ တစ်ခုသတိပေးထားချင်တာက သူတို့သိပ်တော်တော့ ခင်ဗျားကို အရူးလုပ်ကြလိမ့်မယ်။ တချို့က ပျင်းတယ်။ ခင်ဗျား များများမခိုင်းအောင်ဆိုပြီးတော့ ညာကြလိမ့်မယ်။ သူတို့ပြောတာတွေကို နားမထောင်နဲ့။ သူတို့ဟာ အလုပ်တွေကိုလည်း ပြီးအောင်လုပ်နိုင်တယ်။ ခိုင်းသာခိုင်း တချို့ကလေးတွေက သိပ်ခက်တာပဲလို့ ပြောကြလိမ့်မယ်။ ဒီကလေးတွေဟာ အခက်ခဲဆုံး မေးခွန်းတွေကိုတောင် ဖြေနိုင်တယ်။ ခင်ဗျားသူတို့ကို ယုံယုံကြည်ကြည်သာဆက်ဆံ။ နေ့စဉ်နေ့တိုင်း ခင်ဗျားရဲ့ မေတ္တာကိုပြ၊ စည်းကမ်းထိန်းသိမ်း၊ တကယ်စိတ်ဝင်စားပြီး သင်ပြပေးပါ။ သူတို့ မလုပ်နိုင်တဲ့အရာ ဘာဆိုဘာမျှမရှိဘူး"ဟု ပြောလိုက်သည်။

ဒုတိယဆရာတစ်ယောက်ကို "ခင်ဗျားဟာ သာမန်ကလေးတွေကိုပဲ ရထားတယ်။ သူတို့ဟာ သိပ်တော်တယ်လည်း မဟုတ်ဘူး။ သိပ်ညံ့တယ်လည်း မဟုတ်ဘူး။ သူတို့မှာ ပျမ်းမျှဉာဏ်ရည်ပြကိန်းရှိတယ်။ နောက်ခံသမိုင်းတွေ၊ အစွမ်းအစတွေကလည်း ပျမ်းမျှပဲ၊ အဲဒီတော့ သူတို့ဆီကလည်း သူလိုကိုယ်လိုအောင်မြင်မှုမျိုးကိုပဲ မျှော်လင့်နိုင်တယ်"ဟု ပြောသည်။

သဘာဝကျစွာပင် ပါရမီရှင်ကလေးများက သာမန်ကလေးထက်ပို၍ ဆောင်ရွက်နိုင်ကြသည်။ နှစ်အဆုံး၌ ပါရမီရှင်ကလေးများသည် သာမန်ကလေးများထက် တစ်နှစ်စာလောက်စောပြီး စာတတ်နေကြသည်။ ဤဇာတ်လမ်း၏အဆုံးတွင် ဘာဖြစ်မည်ဟု တွေးတောကြည့်နေစရာမလိုပါ။ ခင်ဗျားမှန်ပါသည်။ တကယ်တော့ ပါရမီရှင်ကျောင်းသားဟူ၍ လုံးဝမရှိပါ။ သူတို့အားလုံးသည် သာမန်သူလိုကိုယ်လို ကျောင်းသားများသာဖြစ်သည်။ ခြားနားချက်မှာ သူတို့နှင့်ပတ်သက်၍ ဆရာများ၏ သဘောထားသာ ဖြစ်ပါသည်။ ဆရာများက သာမန်ကျောင်းသားများကို ပါရမီရှင်များဟုထင်ထားပြီး ပါရမီရှင်များလိုဆောင်ရွက်ရန် မျှော်လင့်သဖြင့် ထိုအတိုင်းပင် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ သူတို့ကို မြင်ပုံမြင်နည်းက သူတို့အား ဆက်ဆံပုံဆက်ဆံနည်းကို ဖြစ်ပေါ်စေပြီး ၎င်းဆက်ဆံပုံပေါ်တွင် မူတည်၍ သူတို့ဖြစ်လာကြခြင်း ဖြစ်သည်။

ဤနေရာတွင် အခြားမေးခွန်းတစ်ခုရှိပါသည်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ခင်ဗျားကလေးတွေ ကောင်းကောင်းမွန်မွန်နေရရဲ့လား။ ခင်ဗျားရဲ့အဖွဲ့အစည်းထဲက အရောင်းသမားတွေရော ဘယ်လိုလဲ၊ ခင်ဗျားရဲ့ဝန်ထမ်းတွေ လုပ်ဖော်ကိုင်ဖက်တွေက ပိုပြီးတော့ဉာဏ်ပညာရှိလာရဲ့လား။ အလုပ်ပေါ်မှာ အာရုံစိုက်လာ၊ ကျွမ်းကျင်လာကြရဲ့လား။ ခင်ဗျားမိန်းမက ပိုပြီးတော့လှလာသလား။ စိတ်ဝင်စားစရာကောင်းလာသလား။ ခင်ဗျားယောကျ်ားကရော ဘယ့်နှယ်နေသလဲ။ ထိုအရာများအားလုံးဖြစ်မလာခဲ့လျှင် ရှေ့ကစာမျက်နှာများကို ပြန်ဖတ်ရန် တိုက်တွန်းလိုပါသည်။ ခင်ဗျား၏ မိသားစုများ၊ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များမှာ ပြဿနာတစ်ခုခု ရှိနေသည်ကို ခင်ဗျားမသိ၍ ဖြစ်ပါလိမ့်မည်။

ကဗျာဆရာတစ်ယောက်ကတော့ ဤအကြောင်းကို လှလှပပ ဖွဲ့ဆိုခဲ့သည်။ "လူတစ်ယောက်ကို သူ့အတိုင်းသာမြင်လျှင် သူ့မူလရှိသည့် အခြေအနေထက် ပိုဆိုးအောင်လုပ်မည်။ သို့သော် အကောင်းဆုံးပုဂ္ဂိုလ်အနေဖြင့် မြင်နိုင်ခဲ့လျှင် အကောင်းဆုံးပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာမည်"ဟု လှလှပပ ဖွဲ့ဆိုခဲ့သည်။ ဤစာများကို ဖတ်ရှုနေစဉ်၌ ခင်ဗျား၏ကလေးငယ်များသည် ပို၍ကောင်းလာ ပို၍တော်လာကြလျှင်၊ မိန်းမတစ်ယောက်၊ ယောကျ်ားတစ်ယောက်၊ လုပ်ဖော်ကိုင်ဖက် တစ်ယောက်သည် ပို၍တိုးတက်လာခဲ့လျှင် ခင်ဗျားက ဂုဏ်ပြုချီးကျူးကြောင်း၊ အမှန်တကယ်တိုးတက်လာကြောင်းကို ပြောပြလိုက်ပါ။

ဤဒဿနနှင့်ပတ်သက်၍ ထူးခြားသည့် ဥပမာတစ်ခုမှာ အခြားသူများနှင့်ပတ်သက်၍ အကောင်းမြင်တတ်သည့် သူတစ်ဦးဖြစ်သော လေ့စ်အိန်ဂျလိစ်ရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ နည်းပြ ဂျွန်ဝုဒင်း၏ အတွေ့အကြုံ ဖြစ်သည်။ လီယိုဒျူရိုချာ၏ လူသိများသည့် တလွဲဖော်ပြချက်တစ်ခုဖြစ်သော "လူတော်များ နောက်ဆုံးမှာသာရှိသည်" ဆိုသည့် စကားကို ဆန့်ကျင်သူလည်း ဖြစ်သည်။ ဂျွန်က သူ့ဘတ်စကက်ဘော အသင်းသားများ၏ တကယ့်စွမ်းအားကိုမြင်သည်။ ထို့အပြင်သူတို့၏ ကိုယ်ကျင့်သီလများအတွက်ပါ စိုးရိမ်ကြောင့်ကြရှိတတ်သူ ဖြစ်သည်။ အခြားသူများအတွက်စဉ်းစားကာ ကိုယ်ချင်းစာပြီး ဆောင်ရွက်ခြင်းအားဖြင့် အရာရာကို တိုးပွားစေနိုင်သည်ဟု ယုံကြည်စွာသင်ကြားပို့ချခဲ့သူဖြစ်သည်။ အသင်းအဖွဲ့အလိုက် စိတ်ဓာတ်၊ မြှုပ်နှံမှု၊ သစ္စာရှိမှု၊ စိတ်အားထက်သန်မှု၊ တက်ကြွမှု စသည်တို့သည် သူ့အသင်း၏ တံဆိပ်အမှတ်အသားများဖြစ်နေသည်။ သူ၏အသင်းများသည် အမျိုးသားချန်ပီယံပွဲစဉ် စာရင်းဝင် ၁၂ သင်း၌ ၁၀ သင်းပါရှိပြီး ခုနစ်သင်းမှာ တူညီနေကြသဖြင့် ထိုဒဿနနှင့်ပတ်သက်၍ ကျွန်တော်တို့ သဘောမတူနိုင်စရာမရှိပါ။ တကယ်တော့ သူ၏အသင်းသားများနှင့် ပတ်သက်၍ အောင်မြင်မှုအကြောင်းကိုပင် မည်သည့်အခါမျှ ထုတ်ဖော်ပြောလေ့မရှိ။ လူတိုင်းလူတိုင်း၏ အကောင်းဆုံးကြိုးပမ်းအားထုတ်မှုများကိုသာ အလေးပေးပြောကြားလေ့ရှိပြီး အကယ်၍ ကစားသမားတစ်ယောက်က သူ့မှာရှိသမျှ အစွမ်းအစကို အကုန်ထုတ်မပြနိုင်ခဲ့လျှင် သူ့အနေဖြင့် ဝမ်းနည်းကြောင်းကိုသာ ထုတ်ဖော်ပြောပြတတ်သူ ဖြစ်သည်။

> **ကဗျာဆရာတစ်ယောက်က "လူတစ်ယောက်ကို သူ့အတိုင်းသာမြင်လျှင် သူ့မူလရှိသည့် အခြေအနေထက် ပိုဆိုးအောင်လုပ်မည်။ သို့သော် အကောင်းဆုံးပုဂ္ဂိုလ်အနေဖြင့် မြင်နိုင်ခဲ့လျှင် အကောင်းဆုံးပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာမည်"ဟု လှလှပပဖွဲ့ဆိုခဲ့သည်။ ဤစာများကို ဖတ်ရှုနေစဉ်၌ ခင်ဗျား၏ကလေးငယ်များသည် ပို၍ကောင်းလာ ပို၍တော်လာကြလျှင်၊ မိန်းမတစ်ယောက်၊ ယောကျ်ားတစ်ယောက်၊ လုပ်ဖော်ကိုင်ဖက်တစ်ယောက်သည် ပို၍တိုးတက်လာခဲ့လျှင် ခင်ဗျားက ဂုဏ်ပြုချီးကျူးကြောင်း၊ အမှန်တကယ်တိုးတက်လာကြောင်းကို ပြောပြလိုက်ပါ။**

**ခင်ဗျားသာ ဘောလုံးသမားအညံ့စား**

ဂရင်းဘေးပတ်ကာပြိုင်ပွဲအတွက် လေ့ကျင့်နေသည့်အခါ လုမ်ဘာဒီ၏အသင်းမှာ အခြေအနေ မကောင်းလှပေ။ လုမ်ဘာဒီက ဂိုးစောင့်တစ်ယောက်ကို ရွေးထုတ်ထားလိုက်သည်။ ထိုနေ့မှာ အလွန်ပူပြင်းသည့် နေ့တစ်နေ့လည်း ဖြစ်သည်။ ထိုနည်းပြဆရာက "မင်းက အလွန်ညံ့တဲ့သူပဲ၊ မင်းဟာ ဂိုးပေါက်ကိုပိတ်လည်း မပိတ်ဘူး။ ရှင်းလည်း မရှင်းဘူး။ ဒီနေ့တော့ မင်းအတွက်ပြီးပြီ။ ရေသွားချိုးတော့" ဟု ပြောသည်။ ဂိုးစောင့်က ခေါင်းငိုက်စိုက်ချပြီး အဝတ်လဲခန်းထဲသို့ ဝင်သွားသည်။ ၄၅ မိနစ်အကြာ၌ လုမ်ဘာဒီပြန်ဝင်လာရာ ထိုဂိုးစောင့်က ဝတ်စုံကို မလဲလှယ်သေးဘဲနှင့် ငုတ်တုတ်ထိုင်နေသည်ကိုမြင်သည်။ သူ၏ခေါင်းမှာလည်း ငိုက်စိုက်ကျနေပြီး တိုးတိုးတိတ်တိတ် ပူဆွေးနေပုံရသည်။

လုမ်ဘာဒီက ကြင်နာတတ်သော လူတစ်ယောက်အနေဖြင့် ပခုံးဖက်ကာ "သား၊ ငါမင်းကို အမှန်အတိုင်းပြောမယ်။ မင်းဟာ ညံ့တဲ့ ဘောလုံးသမားတစ်ယောက်ပဲ၊ မင်းဟာ ပိတ်လည်းမပိတ်နိုင်ဘူး။ ရှင်းလည်းမရှင်းနိုင်ဘူး။ ဘာမှလည်း မလုပ်နိုင်ဘူး။ ဒါပေမဲ့ မင်းကို ငါမျှမျှတတပြောရရင်တော့ မင်းရဲ့ ကိုယ်ထဲက တကယ့်စွမ်းရည်ရှိတဲ့ ဘောလုံးသမားတစ်ယောက်ဟာ အပြင်ထွက်လာပြီး ကန်မှဖြစ်လိမ့်မယ်"ဟု ပြောလိုက်သည်။ ထိုစကားများကြောင့် ဂျယ်ရီကရေမာ၏ ငိုက်စိုက်ကျနေသောခေါင်းမှာ မတ်လာပြီး နေရထိုင်ရ အများကြီးသက်သာသွားသည်။ ဘောလုံးလောကတွင် ထင်ရှားကျော်ကြားသူ တစ်ယောက်ဖြစ်လာပြီး ဘောလုံးအသင်းများ၏ ပထမနှစ် ၅၀ သက်တမ်းအတွင်းတွင် အတော်ဆုံး ဂိုးသမားတစ်ယောက် ဖြစ်လာခဲ့သည်။

ထိုသို့ဖြစ်အောင်လုပ်လိုက်သူမှာ လုမ်ဘာဒီပင်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် မမြင်နိုင်သည့် အရာများကို သူကမြင်တတ်ပြီး သူ့လူတွေမှာရှိတဲ့အစွမ်းအစများကို ထုတ်သုံးအောင်၊ စိတ်ဓာတ်တက်ကြွအောင်လည်း လုပ်ပေးနိုင်စွမ်းရှိသည်။ ထိုကစားသမားများက သူတို့အသင်းကို ဂရင်းဘေး၌ သုံးနှစ်ဆက်တိုက် ကမ္ဘာ့ချန်ပီယံဖြစ်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ နောင်အခါ၌ သူဝါရှင်တန်သို့ ရောက်လာသည့်အခါ ပါရမီရှိပြီး စည်းကမ်းမဲ့သည့် နောက်တန်းလူ ဆန်နီဂျာဂင်ဆင်အား ဘယ်လိုကိုင်တွယ်မည်ကို လူအများအံ့သြနေကြသည်။ လေ့ကျင့်ရသည့် ပထမရက်၌ပင် သတင်းထောက်တစ်ယောက်က သူ့ကို "ဂျင်ဂင်ဆင်နှင့်ပတ်သက်၍ ဘယ်လိုမြင်ပါသလဲ"ဟု မေးသည်။ လုမ်ဘာဒီက ဂျင်ဂင်ဆင်ကို သူ့ဘေးခေါ်ပြီး ပခုံးဖက်ကာ "လူကြီးမင်းခင်ဗျား။ ဒါဟာ အတော်ဆုံးနောက်တန်းလူ ဖြစ်ပါတယ်။ ဘောလုံးကွင်းထဲမှာ တွေ့ခဲ့ရသမျှ အတော်ဆုံးနောက်တန်းလူတစ်ယောက်ပါပဲ"ဟု ပြောလိုက်သည်။ ထိုအချိန်မှစ၍ ဂျင်ဂင်ဆင်အနေဖြင့် အတော်ဆုံး ဘောလုံးသမားတစ်ယောက် ဖြစ်လာသည်မှာ အဆန်းမဟုတ်ပါ။ လုမ်ဘာဒီက အခြားသူများ၏ ကောင်းကွက်များကိုမြင်ပြီး သူမြင်သည့်အတိုင်းပင် ဆက်ဆံခဲ့သည်။ သူတို့၏ ကိုယ်တွင်းမှာရှိသည့် ထိုကောင်းကွက်များကို တိုးပွားလာစေရန်လည်း အကူအညီပေးသည်။

**အန်နီလေး**

နှစ်အနည်းငယ်အကြာက မက်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့အပြင်ဘက်ရှိ စိတ်ရောဂါကု ဆေးရုံတစ်ရုံ၌ အန်နီလေးဟုခေါ်သော ကလေးမတစ်ယောက်ကို အချုပ်ခန်းထဲ၌ ထည့်ထားရသည်။ ထိုဆေးရုံသည် စိတ်ရောဂါဝေဒနာရှင်များအား ကုသရာ၌ ထင်ရှားသည့် ဆေးရုံတစ်ခုဖြစ်သည်။ သို့သော် မည်သို့မျှ မျှော်လင့်ချက်မရှိသူများနှင့်ပတ်သက်၍ အသင့်တော်ဆုံးနေရာတစ်ခုမှာ အချုပ်ခန်းသာ ဖြစ်သည်ဟု ဆရာဝန်များက ယုံကြည်ခဲ့ကြသည်။ အန်နီလေးကိစ္စနှင့်ပတ်သက်၍ သူမအတွက် ဘာမျှမျှော်လင့်ချက်မထားရှိကြ။ ထို့ကြောင့် ထိုအချုပ်ခန်းကျဉ်းကျဉ်းလေးထဲ၌ ရှင်လျက်နှင့်သေနေသည့် ဘဝမျိုးဖြင့်သာ အဆုံးသတ်ရတော့မည်။ ထိုအခန်း၌ မည်သည့်အလင်းရောင်၊ မည်သည့်မျှော်လင့်ချက်မျှ မရှိ။

ထိုအချိန်၌ ဆေးရုံမှ အငြိမ်းစားယူတော့မည့် သူနာပြုဆရာမကြီးတစ်ယောက်ပေါ်လာခဲ့သည်။ သူမက ဘုရားသခင်ဖန်ဆင်းထားသမျှ သတ္တဝါများအားလုံးနှင့်ပတ်သက်၍ အမြဲတမ်းမျှော်လင့်ချက်ရှိသည်ဟု ခံစားရသဖြင့် အချုပ်ခန်း၏ရှေ့တွင် နေ့လယ်စာသွားစားသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် မေတ္တာဖြင့် ဆက်သွယ်ဆောင်ရွက်ပြီး ကလေးမငယ်အတွက် မျှော်လင့်ချက်များဖြစ်လာနိုင်မည်ဟု ထင်ထားသည်။

(ဆက်လက်ဖော်ပြပါမည်)

[ခင်မောင်ညို (ဘောဂဗေဒ)၏ "ထိပ်ဆုံးမှာတွေ့ကြမယ်" စာအုပ်မှ "သင်၏ အခြားသူများကိုရှုမြင်ပုံ" ဆောင်းပါးကိုစာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း]

## အနုပညာ



# ကမ္ဘာ့စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံးတေးသံရှင် BTS

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့ BTS ဟာ ဘေဘုတ်က ထုတ်ပြန်ခဲ့တဲ့ စာရင်းတွေအရ နိုင်ငံတကာ တေးသံရှင်တွေအနက် စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံး ရရှိခဲ့တဲ့ တေးဂီတအဖွဲ့ ဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ ဘေဘုတ်ရဲ့ ၂၀၂၀ ပြည့်နှစ်အတွင်း ဝင်ငွေအကောင်းဆုံး နိုင်ငံတကာတေးသံရှင်တွေစာရင်းကို ထုတ်ပြန်ခဲ့ရာမှာ ဝင်ငွေအကောင်းဆုံး အဆင့် ၅ အထိ ထုတ်ပြန်ခဲ့ပါတယ်။ ဒီအထဲမှာ ကေပေ့ါပ်တေးဂီတအဖွဲ့ BTS လည်း ပါဝင်နေပြီး သူဟာ နံပါတ်လေးနေရာမှာ ရပ်တည်နေတာ တွေ့ရပါတယ်။

အဆိုပါ စာရင်းရဲ့ နံပါတ်တစ်နေရာမှာ ရော့ခ်တေးဂီတအဖွဲ့ Queen က ရပ်တည်နေပြီး ဒုတိယနေရာကိုတော့ အမေရိကန်တေးသံရှင် တေလာဆွစ်က ရယူထားတာ တွေ့ရပါတယ်။ တတိယနေရာမှာ ဘီလီအဲလစ်ရှ်နဲ့ နံပါတ်ငါးနေရာမှာတော့ ပို့စ်မယ်လွန်တို့ အသီးသီးရပ်တည်နေတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း BTS အနေနဲ့ ဘေဘုတ်မှာ ရရှိခဲ့တဲ့ ဝင်ငွေစာရင်းကိုလည်း တစ်ပါတည်း ထုတ်ပြန်ပေးခဲ့ရာမှာ အဆိုပါတေးဂီတအဖွဲ့အနေနဲ့ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅ သန်း ရရှိခဲ့တယ်လို့ သိရပါတယ်။

BTS ရဲ့ ယခုလို အောင်မြင်ခဲ့မှုနဲ့ပတ်သက်ပြီး ပရိသတ်တွေကလည်း ချီးကျူးဂုဏ်ပြုစကားတွေကို လူမှုကွန်ရက်မီဒီယာတွေ ပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

# ချစ်သူသစ်ရနေပြီဖြစ်ကြောင်း သတင်းတွေထွက်လာတဲ့ အဒဲလ်

ကျော်ကြားတဲ့ ဗြိတိန်ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အဒဲလ်ဟာ အားကစားအေးဂျင့်တစ်ဦးနဲ့ ချစ်သူတွေဖြစ်နေကြောင်းသတင်းတွေ လတ်တလောမှာ ပေါ်ထွက်ခဲ့တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၃၃ နှစ်ရှိပြီဖြစ်တဲ့ အဒဲလ်ဟာ အသက် ၃၉ နှစ်အရွယ် အားကစားအေးဂျင့်တစ်ဦးဖြစ်တဲ့ ရစ်ချ်ပေါလ်နဲ့ မကြာသေးမီက ချိန်းဆိုတွေ့ဆုံမှုရှိခဲ့ပါတယ်။

ဒါကြောင့် အဒဲလ်အနေနဲ့ ခင်ပွန်းဟောင်းနဲ့ ကွာရှင်းပြတ်စဲပြီးနောက် ချစ်သူသစ်ရရှိနေပြီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာက ရေးသားဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။

အဒဲလ်နဲ့ ရစ်ချ်ပေါလ်တို့ဟာ အတူတကွ အလည်အပတ်ထွက်တာမျိုး တွေ့ရခဲပါတယ်။ ဒါပေမယ့် မကြာသေးမီက သူတို့နှစ်ဦး ဘတ်စကက်ဘောပြိုင်ပွဲတစ်ခုကို အတူကြည့်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် ရစ်ချ်ပေါလ်က မေ ၃၁ ရက်က သည်နယူးယော့ခ်ကာနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သူဟာ ကျော်ကြားတဲ့ ပေ့ါပ်ကြယ်ပွင့်တစ်ဦးနဲ့ လက်ရှိမှာ တွဲဖြစ်နေကြောင်း ဖြေကြားခဲ့ပါတယ်။

ဒီလိုဖြေကြားရာမှာ ရစ်ချ်ပေါလ်က သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။



# ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရတဲ့ ဟန်နီ

ကျော်ကြားတဲ့ ကေပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်သူ ဟန်နီဟာ အမျိုးသမီးတေးဂီတအဖွဲ့ EXID ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာ သူဟာ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရတာကြောင့် သူပါဝင်သရုပ်ဆောင်နေတဲ့ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းတွေကို ရပ်နားထားရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၀ ရက်က ဟန်နီမှာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြောင်း သူ့ရဲ့ အေဂျင်စီဘက်က သတင်းထုတ်ပြန်ခဲ့တာပါ။ ဟန်နီပါဝင်သရုပ်ဆောင်နေတဲ့ ရုပ်ရှင်ရိုက်ကူးရေးဝန်ထမ်းတစ်ဦး ကိုဗစ်ပိုးတွေ့ရှိခဲ့ပြီးနောက် သူ့ကိုလည်း စစ်ဆေးခဲ့ရာမှာ ပိုးတွေ့ရှိကြောင်း အဖြေထွက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဟန်နီဟာ JTBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင် IDOL: The Coup မှာ ပါဝင်သရုပ်ဆောင်လျက်ရှိပါတယ်။ လက်ရှိမှာ အဆိုပါဇာတ်လမ်းတွဲရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေ ရပ်နားထားကြောင်းလည်း သိရပါတယ်။



အေးပြည့် - ရေးသားသည်

# သီးသန့်နေထိုင်မှုကာလပြီးဆုံးပြီးနောက် အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်နေတဲ့ LOONA

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ LOONA ဟာ အဖွဲ့ဝင်တွေနဲ့ ထိတွေ့မှုရှိသူတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် အဖွဲ့ဝင်တွေကိုလည်း ဆေးစစ်ခဲ့ပါတယ်။ အဖွဲ့ဝင်တွေမှာ ပိုးတွေ့ရှိခဲ့ခြင်း မရှိပေမယ့် သီတင်းနှစ်ပတ်ကြာ သီးသန့်နေထိုင်ခဲ့ရပြီး လက်ရှိမှာတော့ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

LOONA ရဲ့ ဖျော်ဖြေရေးအေဂျင်စီမှ ဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရတာကြောင့် ၎င်းနဲ့ထိတွေ့မှုရှိခဲ့တဲ့ အဖွဲ့ဝင်တွေကိုလည်း ဆေးစစ်ခဲ့ပါတယ်။ အဖွဲ့ဝင်အားလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းမရှိပေမယ့် သူတို့အားလုံး ၁၄ ရက်ကြာ သီးခြားနေထိုင်ခဲ့ကြရတာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ အသွားအလာကန့်သတ်နေထိုင်မှုကာလ ပြီးဆုံးခဲ့ပြီးနောက် အဖွဲ့ဝင်တွေဟာ အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဇူလိုင် ၂၁ ရက်မှာ LOONA အနေနဲ့ အဖွဲ့ရဲ့ လေးခုမြောက် မီနီတေးအယ်လ်ဘမ်အတွက် ဆက်လက်လုပ်ဆောင်နေကြောင်း ထုတ်ပြန်ခဲ့တာပါ။ အေဂျင်စီရဲ့ ပြောကြားချက်အရ ဇူလိုင် ၂၀ မှာ အဖွဲ့ဝင်တွေနဲ့ ဝန်ထမ်းတွေအားလုံး ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခဲ့ပြီး အားလုံး ပိုးကူးစက်ခံထားရခြင်း မရှိတာကြောင့် အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ထုတ်လုပ်ရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နေတာဖြစ်တယ်လို့ သိရပါတယ်။



**❖ အဲဗာတန်အသင်းမှ**

တောင်ပံကစားသမား တောင်ဆန်ဟာ ကစားသမားဘဝကို စပါးအသင်းရဲ့ ဘောလုံးအကယ်ဒမီမှာ စတင်ခဲ့ပြီး စပါးအသင်းနဲ့အတူ ခုနစ်နှစ်ကြာ ဖြတ်သန်းခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တောင်ဆန်ဟာ အင်္ဂလန်လက်ရွေးစင်အသင်းနဲ့အတူ ၁၃ ပွဲ ပါဝင်ကစားပေးခဲ့ပါတယ်။ တောင်ဆန်အနေနဲ့ နယူးကာဆယ်အသင်းမှာ ငါးနှစ်ကြာဖြတ်သန်းခဲ့ပြီး နယူးကာဆယ်အသင်း ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ပြီးနောက် ခရစ္စတယ်ပဲလေ့အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်




**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန၊ နေပြည်တော်ရှိ သားဖွားမီး ယပ်ရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၇-၂၀၂၁ (အင်္ဂါနေ့) နံနက် (၉:၀၀) နာရီ
တင်ဒါပိတ်မည့်ရက် - ၁၀-၈-၂၀၂၁ (အင်္ဂါနေ့) ညနေ (၁၆:၀၀) နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။
- သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်
- ဆက်သွယ်ရန် ဖုန်းနံပါတ် (၀၆၇၃-၄၁၇၂၄၅)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၀၄၆)မြေကွက်တည်နေရာအမှတ်(၁၀၄၆)၊ စက်မှုလယ်ယာလမ်း(၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော်ရှိန်(S/KGN-049920)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက်ဦးကျော်ရှိန်(ကွယ်လွန်)သာမြင့်ဝန်းဖြစ်သူဒေါ် အုန်းရီ(၁၂/မဂဒ(နိုင်)၀၃၇၂၉၂)မှ ဝရန်မှုရင်းနိုင်ငံသား စိစစ်ရေးကတ်ပြား၊ ခင်ပွန်းဦးကျော်ရှိန်သေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒေါ်အုန်းရီ၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် )
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**"Zin Moe Moe Zaw အကောင့်အသုံးပြုသူနှင့် အများသိစေရန် သတိပေးကြေညာခြင်း"**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နှင်းလွန်းအိမ် [၁၂/အစန(နိုင်)၁၉၀၁၈၄]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် Social Media Online အကူအညီဖြင့် **("ရွှေရုပ်လွှာ" Silk & Fashion Design)** ဖြင့် ကိုယ်ပိုင်ပိုးထည်များ ထုတ်လုပ်ဖွင့်လှစ်ရောင်းချ၍ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ဒီဇိုင်နာတစ်ဦးဖြင့်သော်လည်းကောင်း၊ **("မယ်ခေး"ဆေးမကျည်း ဝမ်းမှန်အဆီကျဆေး)** ထုတ်လုပ်ကာ မိမိကိုယ်ပိုင် အရည်အချင်းဖြင့် ကြိုးစားအားထုတ်ပြီး၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေသူတစ်ဦးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ကောင်းသော ဂုဏ်သတင်းနှင့် ကျော်ကြားနေမှုအား **"Zin Moe Moe Zaw"** အကောင့်အသုံးပြုသူသည် ကျွန်ုပ်မိတ်ဆွေ၏ **"Shwe Yoke Lwar" Facebook Page/Account** အောက်တွင် ရိုင်းရိုင်းစွာ Comment များ ဝင်ရေးပြီးကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်အောင် အများသူငှာ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် ပြုလုပ်နေပါသည်။

ထို့ကြောင့် **" Zin Moe Moe Zaw"** အကောင့်ပိုင်ရှင်သည် ကျွန်ုပ်မိတ်ဆွေအား ဝန်ချတောင်းပန်ရန်နှင့် ထိုသို့ မိမိအမှားအား တောင်းပန်ခြင်းမပြုဘဲ ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာထိခိုက်စေရန် တစ်နည်းနည်းဖြင့်ဆက်လက်အသုံးပြုဆောင်ရွက်မည်ဆိုပါက ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နှင်းလွန်းအိမ်**
**[၁၂/အစန(နိုင်)၁၉၀၁၈၄]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သဇင်မျိုး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၉၄)**
**အမှတ်(၂-A/၂၀၅)၊ (၂)ရပ်ကွက်၊**
**ဘုရင့်နောင်လမ်းမ၊ ရတနာမွန်အိမ်ရာ၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၄၅၂၁၁၆၀၂၀၊ ၀၉-၂၅၄၅၄၅၃၁၄

**တန်ဖိုးရှိလှလူငယ်ဘဝ**
**မူးယစ်ကင်းစင်ကျန်းမာမှ**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

"မြစ်ရေကြီးခြင်း ဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန်အချက်များ"

**မြစ်ရေကြီးခြင်း မကြာခဏ ဖြစ်ပွားတတ်သည့်ဒေသများတွင် မြစ်ရေမကြီးမီ ကြိုတင်ဆောင်ရွက်ရန်**
- နေအိမ်အဆောက်အဦများကို ရေမနစ်မြုပ်နိုင်သည့် ကုန်းမြင့်ဒေသ၌ ဆောက်လုပ်နေထိုင်ရန်၊
- လှေ၊ ပုံထောင်၊ အသက်ကယ်အင်္ကျီ၊ ဝါး/ ဝက်ပျော့သုံး/ သစ်တုံးဆောင်ထားရန်၊
- လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းနိုင်မည့်လမ်းကို ကြိုတင်သတ်မှတ်ထားရန်၊
- မိမိတို့မိသားစုအား ရေကူးသင်ပေးရန်၊ အရေးကြီး သယ်ဆောင်ရမည့် ပစ္စည်းများကို ပြောပြထားရန်၊
- လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲသုံးရေဒီယို၊ သောက်ရေ၊ အစားအစာများ ကြိုတင်စုဆောင်းထားရန်။

**မြစ်ရေကြီးမည့် သတိပေးချက်ရရှိပါက-**
- မိမိတို့ မိသားစု ပိုမိုလုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်၊ အန္တရာယ်ရှိမည့်နေရာများသို့ သွားခြင်းမပြုရန်၊
- ကျွဲ၊ နွား တိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းရန်၊
- ရေဒီယိုမှ သတိပေးချက်/ထုတ်လွှင့်ချက်ကို နားထောင်ရန်၊
- သောက်ရေကို ပုံး(သို့မဟုတ်) သန့်ပြန့်သော ဗူးများတွင် သိုလှောင်ရန်၊
- အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံသောနေရာသို့ ပြောင်းရွှေ့ထားရန်၊

**မြစ်ရေကြီးနေစဉ်**
- ရေနစ်မြုပ်သည့်နေရာများသို့ လမ်းလျှောက်သွားခြင်း မပြုရန်၊
- မိမိဒူးထက်မြင့်သော ရေစီးကြောင်းကို ဖြတ်ကူးရန် မကြိုးစားပါနှင့်၊
- မြွေ၊ အဆိပ်ရှိသည့် သတ္တဝါများကို သတိထားရန်၊

**မြစ်ရေကြီးပြီးနောက်**
- ရေကို ကျိုချက်သောက်ပါ၊
- အန္တရာယ်ကျရောက်သောနေရာသို့ မသွားပါနှင့်၊
- လက်နှိပ်ဓာတ်မီးကိုသာ အသုံးပြု၍ သွားလာပါ၊
